# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၃၅)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဗဝဂ်(ဓမ္မပဒ-၅၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ကျားကွက်သစ်ရပ်ကွက် အမှတ် (၃) မဲရုံတွင် ဆန္ဒမဲပေးစဉ်။

သတင်းစဉ်




နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ကျားကွက်သစ်ရပ်ကွက် အမှတ် (၃) မဲရုံတွင် ဆန္ဒမဲပေးစဉ်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် ဇနီး ဒေါ်ချိုချို မိသားစု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သို့ လာရောက်ဆန္ဒမဲပေး

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တစ်နိုင်ငံလုံးရှိ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာတွင် စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ်အသီးသီးသို့ လာရောက် ဆန္ဒမဲပေးကြပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် ဇနီး ဒေါ်ချိုချို မိသားစုတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ကျားကွက်သစ်ရပ်ကွက် အမှတ် (၃) မဲရုံသို့ လာရောက် ဆန္ဒမဲပေးကြပါသည်။

**သတင်းစဉ်**


**ပုသိမ်တက္ကသိုလ်တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ** စာ - ၈

**အကြမ်းဖက်မှုများကို ရှောင်ရှားရန် ကတိပြုထားသော်လည်း ဂါဇာ၌ အခြေအနေများ တင်းမာလျက်ရှိ** စာ - ၁၄

**ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေစေရေး ဇလုံတောင်ဘုရား တောင်တက်ကားလိုင်းဂိတ်ဖွင့်** စာ - ၁၇





# မြန်မာ့အလင်း

## အရည်အသွေးရှိသော စာရင်းအင်းအချက်အလက်များနှင့် တိုင်းပြည်၏ဖွံ့ဖြိုးမှု

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့က နေပြည်တော်တွင် ကျင်းပသော မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၈)ကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဤဖိုရမ်ကို **''Better Data, Better Statistics, Better Lives: Transforming Data Culture in Myanmar''** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၈)ကို တိကျသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါရည်ရွယ်ချက်များအနက် မြန်မာနိုင်ငံတွင် စာရင်းအင်းပညာ **(Statistics Literacy)** တိုးမြှင့်စေရေး ပါဝင်သကဲ့သို့ စာရင်းအင်းအချက်အလက်ယဉ်ကျေးမှု **(Data Culture)** များ ပြန့်ပွားစေရေးလည်း ပါဝင်ပါသည်။ တိုင်းပြည်၏ လိုအပ်ချက်နှင့်အညီ ဤဖိုရမ်၌ စာရင်းအင်းထုတ်ဝေသူများနှင့် အသုံးပြုသူများအကြား ဆက်ဆံရေးမြှင့်တင်ရေးကို ဦးတည်မည်ဖြစ်သကဲ့သို့ စာရင်းအင်းအသုံးပြုသူများ၏ လိုအပ်ချက်များ သိရှိစေရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များအကြား စာရင်းအင်းကဏ္ဍမြှင့်တင်ရေးအတွက် **Statistics Quiz** များ ဆောင်ရွက်ရန် ဦးတည်ခြင်းသည်လည်း အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းရန် ကြိုးပမ်းလိုက်ခြင်းဖြစ်ပါသည်။

တိုင်းပြည်၏ စာရင်းအင်းအချက်အလက်များ မမှန်ကန်ပါက ချမှတ်လိုက်သော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများသည် အလွဲလွဲအချော်ချော်ဖြစ်နေမည် ဖြစ်ပါသည်။ ဤအချက်ကို ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ထင်ထင်ရှားရှား တွေ့ရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှုသာ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ လူမှုစီးပွားသုတေသနဆောင်ရွက်သူများအနေဖြင့် စီမံကိန်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးမှုမူဝါဒများနှင့် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးချမှတ်နိုင်မည် ဖြစ်ပါသည်။ စာရင်းအင်းအချက်အလက်မှန်ကန်ရေးသည် တိုင်းပြည်၏ ဖွံ့ဖြိုးမှု မူဝါဒများ ချမှတ်ရေးအတွက်သာမက စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အရေးကြီးပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စာရင်းအင်းအချက်အလက်များအပေါ် အခြေခံပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု**(Risk Management)** တို့ကို စီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းအချက်အလက်များရှိမှသာ ရှားပါးသည့် သယံဇာတများခွဲဝေရာ၌ မှန်မှန်ကန်ကန်ခွဲဝေနိုင်မည် ဖြစ်ပါသည်။ တိုင်းပြည်အတွက် ဤမျှအရေးကြီးသော စာရင်းအင်းအချက်အလက်များအား မှန်မှန်ကန်ကန်ရရှိရေးအတွက် လူသားရင်းမြစ် ပြုစုပျိုးထောင်ခြင်း၊ ကွန်ရက်များ တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများအပါအဝင် **Statistics Literacy** ကို မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်း၊ စာရင်းအင်းဥပဒေ ပြဋ္ဌာန်းသက်ရောက်မှု ရှိစေခြင်း စသည့်အရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အဆိုပါ အမျိုးသားရေးလိုအပ်ချက်များနှင့်အညီ စာရင်းအင်းဥပဒေကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၈ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့က မကြာမီ နည်းဥပဒေထွက်ရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒ အနှစ်ချုပ် **(Statistical Policy Brief)** နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ **(National Strategy for Development of Statistics-NSDS)** တို့ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကမဟာဗျူဟာမူဘောင် **(NSDS Core Strategies)** ကို ၂၀၁၆ ခုနှစ်တွင် စီးပွားရေးရာကော်မတီသို့ အတည်ပြုတင်ပြခဲ့ပြီးဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သည့် အရည်အသွေးရှိသော စာရင်းအင်းများရရှိရေးကို ဦးတည်လျက် ရေတို၊ ရေရှည် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ထန်းတပင်၌ ယာယီမြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ထန်းတပင် နိုဝင်ဘာ ၃**



ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာ မြစ်ကမ်းပါးမြေသားများ ထပ်မံပြိုကျမှုမဖြစ်ပေါ်စေရေးအတွက် ယာယီမြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ယမန်နေ့က အဆိုပါမြစ်ကမ်းပါးနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြစ်ကမ်းပါးသည် မြစ်ရေတိုက်စားမှုများကြောင့် မြစ်ကမ်းပါးပြိုကျခြင်းကို နှစ်စဉ်ကြုံတွေ့လျက်ရှိပြီး မိုးအဆက်မပြတ် ရွာသွန်းမှုများသဖြင့် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်း၌ မြစ်ကမ်းပါး ပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကာ ကမ်းပါးအလျားပေ ၁၈၀ နီးပါးနှင့် အနက် ၁၄ ပေအထိ မြစ်ကမ်းပါး ပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအခါ မြေသားများ ထပ်မံပြိုကျခြင်းမှ ကာကွယ်နိုင်ရန်အတွက် ယာယီမြစ်ကမ်းပါး ထိန်းသိမ်းကာကွယ်ရေးအဖြစ် မျောတိုင်များစိုက်ခြင်းနှင့် သဲအိတ်ဖြည့်ခြင်း လုပ်ငန်းများကို မြစ်ကမ်းပါးအလျား ပေ ၆၀ အထိ ဆောင်ရွက်ထားရှိကာ မြစ်ကမ်းပါးနှင့် ၁၂ ပေ အကွာတွင်လည်း ကွန်ကရစ်ပိုင်စိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်ပိုင်စိုက်ခြင်းကိုလည်း ကမ်းပါး အလျားပေ ၂၀၀ အထိ ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်နေ

**နေပြည်တော် နိုဝင်ဘာ ၃**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) နှင့် အရှေ့အာရှ (ERIA) တို့ ပူးပေါင်း၍ Myanmar National Dissemination Seminar of the ASEAN SME Policy Index 2018 အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SME)သည် နိုင်ငံသားများအတွက် အလုပ်အကိုင်ဖန်တီးနိုင်မှု၊ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ သာယာဝပြောမှုကို ထောက်ပံ့ပေးနိုင်မှုများကြောင့် အာဆီယံစီးပွားရေးတစ်ခုလုံးအတွက် နောက်ခံကျောရိုးသဖွယ်ဖြစ်ကြောင်း။

အာဆီယံ SME မူဝါဒ ညွှန်းကိန်း-၂၀၁၈ သည် ရှေ့ဆက်ဆောင်ရွက်မည့် SMEs လုပ်ငန်းများဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် မူဝါဒများချမှတ်နိုင်ရေး၊ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း အကောင်အထည်ဖော်နိုင်ရေးတို့အတွက် အရှေ့တောင်အာရှ မူဝါဒချမှတ်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ အာဆီယံ SME မူဝါဒ ညွှန်းကိန်း - ၂၀၁၈ သည် ERIA၊ ACCMSME တို့၏ ပူးပေါင်းအားထုတ်မှုတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ SME မူဝါဒဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အတိုင်းအတာရှစ်ခုဖြင့် လေ့လာဆန်းစစ်နိုင်သည့် ညွှန်းကိန်းတစ်ခုဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအများစုသည် SME မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တက်ကြွစွာ လုပ်ဆောင်နေကြသလို ယခင်လုပ်ဆောင်ဆဲ လုပ်ငန်းစဉ်များနှင့် ဦးစားပေးအကောင်အထည်ဖော်ရမည့် နယ်ပယ်များကို ဟန်ချက်ညီညီဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ အဖွဲ့အစည်းများ၊ ဘဏ္ဍာငွေကြေးရရှိရေးဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ SME ဖွံ့ဖြိုးရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ SME Agency၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံအဖွဲ့ စသည့် အထောက်အကူပြုအဖွဲ့ သုံးဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နေကြောင်း။

ASEAN Strategic Action Plan (2016-2025) နှင့် အာဆီယံ SME မူဝါဒညွှန်းကိန်း -၂၀၁၈ တို့ကို အခြေခံ၍ SME Agency မှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၁၅ ခုတို့တွင် SME Action Plan ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးသုံးခု၊ ပြည်နယ်နှစ်ခုတို့တွင် ရေးဆွဲပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ OECD မှ မစ္စတာ မက်ဘူလာဘော့စကီ၊ မစ္စတာ ရာမက်စရီအီစတန်ဒရီတို့က အာဆီယံဒေသတွင်း SME မူဝါဒညွှန်းကိန်း-၂၀၁၈ နည်းပညာဆိုင်ရာများ၊ လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi-Submersible Tender Assisted Drilling Rig "WEST VENCEDOR" ဖြင့် တွင်းတည်နေရာဖြစ်သော Yetatun Platform မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၅၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇ ဒသမ ၇၃၆ စက္ကန့်တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi-Submersible Tender Assisted Drilling Rig "WEST VENCEDOR" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**ထင်သာမြင်သာပြုပြင်စရာ**

## အသံချဲ့စက်များ ကျယ်လောင်စွာအသုံးပြုနေခြင်းကို ကြပ်မတ်ပေးစေလို

မွန်ပြည်နယ်အတွင်း ပွင့်လင်းရာသီကာလရောက်သည်နှင့် ပျော်ပွဲ ရှင်ပွဲများ၊ အလှူပွဲများတွင် အသံချဲ့စက်ဖြင့် သီချင်းဖွင့်ရာ၌ နားမခံသာအောင် ကျယ်လောင်စွာဖွင့်နေကြသည်ကို ပြည်သူများစိတ်မချမ်းမြေ့စွာခံစားနေကြရပြီး ကျယ်လောင်သည့် တီးလုံးသံတုန်ခါရိုက်ခတ်မှုကြောင့် လူ့အသက်သေဆုံးသည့် ဖြစ်စဉ်ရှိခဲ့ပါသည်။

ယခုနှစ်အတွင်း နယ်စပ်ဒေသမှ တရားမဝင်တင်သွင်းလာသည့် အသံချဲ့စက်ကြီးများထက် အဆများစွာ အသံကျယ်လောင်မှုနှင့် တုန်ခါမှုပြင်းထန်သည့် အသံယူနစ်အားမြင့်သော ဟွန်းအလုံးရေအနည်းဆုံးခြောက်လုံးတွဲနှင့် ဆောင်းဘောက်ကြီးများတွဲကာ မော်တော်ကားဖြင့် မြို့အဝင်နှင့် မြို့တွင်းလမ်းမကြီးတစ်လျှောက် အသံမြှင့်၍ ဖွင့်ကာသွားလာနေခြင်းနှင့် ဘုရားပွဲများ၊ ရပ်ကွက်/ ကျေးရွာများအတွင်း အလှူအတန်းနှင့်မင်္ဂလာဆောင်များတွင်လည်း ညဥ့်နက်သန်းခေါင်ချိန်အထိ ပတ်ဝန်းကျင်ကို အလေးမထားဘဲ အလွန်အမင်းအသံကျယ်လောင်စွာ စည်းကမ်းမဲ့ဖွင့်ခြင်းတို့ကြောင့် ရပ်ကွက်နေပြည်သူများ စိတ်ဒုက္ခ ရောက်နေကြရသည်။

သို့ဖြစ်၍ အဆိုပါယာဉ်များ မြို့တွင်းသို့ ဝင်ရောက်ပါက အသံချဲ့စက်အသုံးပြု



ခွင့်ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေးနှင့် ငှားရမ်းခြင်းလုပ်ငန်းလိုင်စင်ဖြင့် အသုံးပြုခွင့်ပေးရေးကို တာဝန်ရှိသူများမှ ဆောင်ရွက်ပေးစေလိုပါသည်။

**ကျော်ဝင်း**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် ဇနီး ဒေါ်ချိုချို မိသားစုတို့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ကျားကွက်သစ်ရပ်ကွက် အမှတ် (၃) မဲရုံတွင် ဆန္ဒမဲပေးရန် မဲလက်မှတ်များ လက်မှတ်ရေးထိုး ထုတ်ယူစဉ်။
(သတင်း- ရှေ့ဖုံး) သတင်းစဉ်

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သို့ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေး



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် အမှတ်(၃) မဲရုံတွင် မဲရုံမှူးနှင့် တာဝန်ရှိသူများ မဲရေတွက်နေကြစဉ်။ သတင်းစဉ်

ရန်ကုန် နိုဝင်ဘာ ၃

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တစ်နိုင်ငံလုံးရှိ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာတွင် စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးသို့ လာရောက် ဆန္ဒမဲပေးကြသည်။**

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါတီပေါင်း ရှစ်ပါတီမှ ကိုယ်စားလှယ် ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မဲပေးပိုင်ခွင့်ရှိသူ ၉၉၁၁၉ ဦး၊ မဲရုံပေါင်း ၁၂၃ ရုံ ရှိသည်။

မဲရုံများတွင် ဆန္ဒမဲ လာရောက်ပေးသူများ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

အလားတူ ကျန်းမာရေးမကောင်းသော မဲဆန္ဒရှင်များနှင့် မသန်စွမ်းမဲဆန္ဒရှင်များအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILT) တို့က ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်လွယ်ကူစွာ မဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ကြသည့်နည်းတူ သံတမန်များ လေ့လာစောင့်ကြည့်သူများကလည်း သက်ဆိုင်ရာ မဲရုံများအလိုက် လာရောက်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် မန္တလေးခရိုင်အတွင်း ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒပေးနေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် (မန္တလေးတိုင်းဒေသကြီးတာဝန်ခံ) သည် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့်အတူ မန္တလေးခရိုင်အတွင်း ယနေ့ ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားလူမျိုး (လွှတ်တော်ကိုယ်စားလှယ်) နေရာအတွက် မဲဆန္ဒပေးနေမှုအခြေအနေများကို မဲရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် မောရိယဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသည့် မဲရုံနှင့် ချမ်းအေးသာစံမြို့နယ် အထက(၁၄) တွင် ဖွင့်လှစ်ထားရှိသည့် မဲရုံများသို့ သွားရောက်ပြီး မဲပေးနေသည့်အခြေအနေများ ကြည့်ရှု၍ မဲရုံမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က "ကိုယ့်တိုင်းပြည်အတွက် မဏ္ဍိုင်ကြီး သုံးရပ်ကို ကိုယ်တိုင်ရွေးချယ်ခွင့်ရတဲ့ ဒီအခွင့်အရေးကို အသုံးချပြီး မဲပေးရမယ်။ အဓိကအနေနဲ့ မဲပေးရွေးချယ်ရမယ်ဆိုတဲ့ အသိကို ပိုပြီးမြင့်မားစေချင်တယ်။ နောက်တစ်ခုက ကြားဖြတ်ရွေးကောက်ပွဲကို ပြည်သူက စိတ်ဝင်စားမှု နည်းတတ်တယ်။ ဒါကြောင့် ကျွန်တော်တို့ကော်မရှင်သာမက ပြည်သူရော ပါတီပါ ဝိုင်းဝန်းကြိုးစားရဦးမယ်လို့ မြင်မိပါတယ်" ဟု ပြောကြားခဲ့သည်။

ယနေ့ ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်မြေ သုံးရပ်အနက် မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၁၈၆၅ ဦး၊ သပိတ်ကျင်း မြို့နယ် တိုင်းဒေသကြီးလွှတ်တော်နေရာအတွက် မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်စာရင်းမှာ ၄၉၆၂၂ ဦးနှင့် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်မြေအတွက် မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်စာရင်းမှာ ၄၂၄၆၃ ဦး စုစုပေါင်း မဲဆန္ဒရှင်စာရင်းမှာ ၃၁၃၉၅၀ ဦး ရှိပြီး မဲရုံပေါင်း ၆၈၇ ရုံ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မန်းကိုယ်ပွားသတင်းအဖွဲ့**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် ချမ်းအေးသာစံမြို့နယ် အထက(၁၄) တွင် ဖွင့်လှစ်ထားရှိသည့် မဲရုံတွင် မဲရုံမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များကို လိုအပ်သည်များ မှာကြားစဉ်။
တင်မောင် (မန်းကိုယ်ပွား)

# မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေရာအတွက် ပြည်သူများ ဆန္ဒမဲပေး



**မြစ်ကြီးနား**

ကချင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေရာအတွက် ပြည်သူများ ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက်ပိုင်းမှ စတင်၍ မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်ရှိ မဲရုံများနှင့် ကျေးရွာအုပ်စုများရှိ မဲရုံများတွင် ဆန္ဒမဲပေးကြသည်။ **(ဓာတ်ပုံ)**

မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လစ်လပ်တစ်နေရာအတွက် မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ စု၊ တာလောကြီးနယ်မြေအတွင်း ငါးအုပ်စု၊ ဆင်ဘိုဒေသအတွင်း ၁၅ အုပ်စုတို့ဖြင့် စုစုပေါင်းနေရာ ၆၀ တို့တွင် မဲရုံပေါင်း ၁၁၄ ရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၃၂၉၂ ဦး တို့ သည် သက်ဆိုင်ရာ မဲရုံများအတွင်း ဆန္ဒမဲလက်မှတ်များ ထုတ်ယူခြင်း၊ ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ကချင်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ တို့မှ ကိုယ်စားလှယ်လောင်း ငါးဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတစ်ဦးတို့ တင်သွင်းထားကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ လစ်လပ်လျက်ရှိသော ရှမ်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်နေရာအတွက် ပြည်သူများဆန္ဒမဲပေး

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ရှမ်းတိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ်နေရာတို့ကို မဲဆန္ဒရှင် ပြည်သူများက ယနေ့ နံနက် ၆ နာရီမှ စတင်ပြီး လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။

မြင်းခြံမြို့နယ်တွင် ရပ်ကွက်ကြီး ၂၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၈၅ အုပ်စု၊ ကျေးရွာပေါင်း ၁၈၅ ရွာမှ မဲဆန္ဒရှင်ပြည်သူပေါင်း ၂၂၁၈၆၅ ဦး ရှိပြီး မြင်းခြံမြို့ပေါ်ရှိ ရပ်ကွက် ၂၀ တွင် မဲဆန္ဒရှင်ပြည်သူပေါင်း ၆၄၈၆၇ ဦးနှင့် မဲရုံ ၆၃ ရုံရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မဲဆန္ဒရှင် ပြည်သူပေါင်း ၁၅၆၉၉၈ ဦးနှင့် မဲရုံ ၂၀၅ ရုံရှိကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲပေးထားသူ မြင်းခြံမြို့နယ်တွင် စုစုပေါင်း ၄၈၅၃ ဦးရှိကြောင်း၊ မြို့နယ်ရပ်ကွက် ၂၀ ရှိ မဲရုံ ၆၃ ရုံတို့ကို နံနက် ၆ နာရီမှ စတင်ဖွင့်လှစ်ခဲ့ရာ မဲဆန္ဒ လာရောက်ပေးသူတို့တွင် ကြိုတင်မဲစာရင်းကြည့်ထားသူများမှာ လွယ်ကူလျင်မြန်စွာ ပေးနိုင်သော်လည်း အချို့ပြည်သူများမှာ လာရောက်ကြည့်ရှုထားခြင်းမရှိသည့်အတွက် အနည်းငယ် ကြန့်ကြာမှုများရှိကြောင်း၊ မသန်စွမ်း၊ ဖျားနာ၊ နာတာရှည် လူမမာများကို မြင်းခြံမြို့ရှိ လူမှုကူညီရေးအဖွဲ့များက မော်တော်ယာဉ်များဖြင့် ကူညီပို့ဆောင်ခဲ့ကြကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးကို ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း၊ မီးသတ်တပ်ဖွဲ့ကလည်း အရေးပေါ်အခြေအနေများအတွက် အဆင်သင့်ပြင်ဆင်ထားကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ရပ်ကွက်များတွင် ဆေးခန်းများ အသင့်ဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာတွင် ပါတီလေးခုမှ ကိုယ်စားလှယ်လောင်း လေးဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရှမ်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ကလည်း လာရောက်လေ့လာကြည့်ရှုကြောင်း သိရသည်။ **ဇော်မင်းနိုင်**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကျောက်ပန်းတောင်းမြို့ပေါ်၌ မဲရုံ နှစ်ရုံနှင့် ကျေးရွာအုပ်စုများတွင် မဲရုံလေးရုံ ဖွင့်လှစ်ထားရှိကြောင်း သိရပြီး ယနေ့ နံနက် ၆ နာရီမှစတင်၍ ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ လစ်လပ်လျက်ရှိသော ရှမ်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် တစ်နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံကြသည်။ အဆိုပါ လစ်လပ် မဲဆန္ဒနယ်အတွက် ကျောက်ပန်းတောင်းမြို့နယ်တွင် ရှမ်းတိုင်းရင်းသား မဲဆန္ဒရှင် ၁၂ ဦး ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့ပေါ်တွင် မြို့မကွက်သစ်ရပ်ကွက် မဲရုံ တစ်ရုံနှင့် မြို့မရပ်ကွက်တွင် မဲရုံ တစ်ရုံ ဖွင့်လှစ်ပေးထားသည်။

မဲဆန္ဒရှင်များအနေဖြင့် မြို့မကွက်သစ်ရပ်ကွက်တွင် လေးဦးနှင့် မြို့မရပ်ကွက်မှ လေးဦး စုစုပေါင်း မြို့ပေါ်မဲဆန္ဒရှင် ရှစ်ဦးရှိ၍ ကျေးရွာအုပ်စုများတွင် ပုပ္ပားကျေးရွာအုပ်စု၌ မဲရုံ တစ်ရုံ၊ မဲဆန္ဒရှင် တစ်ဦး၊ ဆုံရွာကျေးရွာအုပ်စုတွင် မဲရုံ တစ်ရုံ၊ မဲဆန္ဒရှင် တစ်ဦး၊ ဈေးကုန်းကျေးရွာအုပ်စုတွင် မဲရုံ တစ်ရုံ၊ မဲဆန္ဒရှင် တစ်ဦးနှင့် မကျီးကုန်းကျေးရွာအုပ်စုတွင် မဲရုံ တစ်ရုံ၊ မဲဆန္ဒရှင် တစ်ဦး စုစုပေါင်းကျေးရွာအုပ်စု မဲရုံ လေးရုံတွင် မဲဆန္ဒရှင် လေးဦး တစ်မြို့နယ်လုံးအနေဖြင့် မဲဆန္ဒရှင် စုစုပေါင်း ၁၂ ဦး ဆန္ဒမဲပေးရန်ရှိ ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းနှင့်အဖွဲ့ မိတ္ထီလာ၌ ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲရုံအတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစဉ်။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)



မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှ ရှမ်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် လစ်လပ်နေရာအတွက် ကျောက်ပန်းတောင်း မြို့နယ်မှ ပြည်သူတစ်ဦး ဆန္ဒမဲပေးနေစဉ်။ ဓာတ်ပုံ နေအောင်(ပြန်/ဆက်)

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ တိုင်းဒေသကြီး၊ ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် မဲရုံများကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ ဖွင့်လှစ်ခဲ့သည်။

မတ္တရာမြို့နယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးများ နေထိုင်သော မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတွင် မဲရုံ ၁၃ ရုံထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၂၇ ဦးရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

**မိတ္ထီလာ**

မိတ္ထီလာမြို့တွင် ယနေ့ နံနက် ၆ နာရီမှ စတင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်များ လာရောက် ဆန္ဒမဲပေးသည့် မဲရုံများကို မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းနှင့်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်သာယာ(မ)၊ ပြည်သာယာ (တ)၊ ကျီတော်ကုန်း၊ အောင်ဇေယျာ၊ ရတနာမာရ်အောင်၊ မြို့မ၊ အောင်ဆန်း၊ ရှမ်းတဲရပ်ကွက်၊ ကျေးရွာများရှိ မဲရုံများတွင် တိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ် တစ်နေရာအတွက် မဲဆန္ဒရှင်များ လာရောက်ဆန္ဒမဲပေးနေမှုနှင့် မဲရုံများတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်၊ ဒုတိယမဲရုံကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများ၏ ဆောင်ရွက်နေမှုအခြေအနေကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာ သန်းထွန်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းထိုက်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မိတ္ထီလာမြို့တွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် တစ်သီးပုဂ္ဂလ ဦးအောင်ဌေး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်နန်းထွေးမှုံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးစိုင်းအောင်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းပန်းဆိုင်း (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဒေါက်တာစိုင်းကျော်အုန်းတို့က လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်အရွေးချယ်ခံသည်။

ယနေ့ ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်စာရင်းမှာ အိမ်ထောင်စု ၁၄၂ စု၊ အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၁၅၆ ဦးရှိပြီး ၎င်းတို့ ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာနယ်မြေများတွင် မဲရုံ ၁၇ ရုံ ထားရှိစီစဉ်ပေးထားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

**ကျောက်ဆည်**

ကျောက်ဆည်မြို့နယ်တွင် လစ်လပ်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက စတင်ခဲ့ရာ ပြည်သူများလာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ မဲဆန္ဒပေးရာတွင် မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာအောင်ဝင်းကြည်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကြည်ရှိန်တို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **သက်မောင်(ခရိုင် ပြန်/ဆက်)**



ယနေ့ နံနက်က ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မြင်းခြံမြို့နယ် ပြည်သူများ မဲပေးရန် မဲရုံ၌ တန်းစီစောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းနိုင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကန်ပက်လက်နှင့် လဲချားမြို့နယ်တို့၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပ



ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ဆန္ဒမဲပေးရန် ပြည်သူများ မဲစာရင်းကြည့်ရှုနေစဉ်။

## ကန်ပက်လက်

ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကန်ပက်လက်မြို့နယ်၌ ယနေ့ ကျင်းပသည်။

ကြားဖြတ်ရွေးကောက်ပွဲ၌ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ချင်းတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကန်ပက်လက်မြို့နယ်ရှိ မဲရုံပေါင်း ၆၉ ရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိ သည့် ဦးရေ ၁၂၄၄၉ ဦးရှိပြီး နံနက် ၆ နာရီ မှ စတင်၍ မဲဆန္ဒရှင်များက လာရောက်ဆန္ဒမဲပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**



လဲချားမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် မဲပေးမည့်ပြည်သူများကို တွေ့ရစဉ်။

## လဲချား

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လဲချားမြို့နယ်၌ မဲရုံ ၃၆ ရုံ ဖွင့်လှစ်ထားရှိရာ ယနေ့ နံနက်ပိုင်းမှစ၍ ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

လဲချားမြို့နယ်၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် မဲပေးခွင့်ရှိသူဦးရေ ၃၆၀၀၀ ကျော်ရှိပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးတို့ ရွေးကောက်ခံရန် အမည်စာရင်းတင်သွင်းထားကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် မြို့နယ်အသီးသီး၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

## ရန်ကုန်

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်၌ လစ်လပ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် ရဲရိပ်သာရပ်ကွက် မဲရုံအမှတ်(၁)နှင့် ဆိပ်ကမ်းသာ မိသားစုရိပ်သာ ရပ်ကွက်မဲရုံအမှတ်(၁)တို့တွင် ယနေ့ နံနက် ၆ နာရီက စတင်၍ မဲရုံအသီးသီးတို့တွင် ပြည်သူများ လာရောက် ဆန္ဒမဲပေးကြသည်။

ရဲရိပ်သာရပ်ကွက် မဲရုံအမှတ်(၁)တွင် တာဝန်ကျသူများဖြစ်သော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့များ၊ ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများက မဲရုံအတွင်းလိုက်လံစစ်ဆေးပြီး ဖွင့်လှစ်ရန်အချိန်တွင် မဲရုံဖွင့်လှစ်ကြောင်း ကြေညာခြင်း၊ မဲပုံးများ စစ်ဆေးခြင်းတို့ကို အဖွဲ့လိုက်ပြုလုပ်ကြပြီးနောက် မဲပေးခွင့်ရှိသူပြည်သူများက ဆန္ဒမဲပေးကြသည်။

ထိုသို့ မဲပေးမှုအခြေအနေကို ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များ၊ နိုင်ငံခြားသံတမန်များ၊ သတင်းထောက်များနှင့် နိုင်ငံရေးပါတီများက ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ရဲရိပ်သာရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲပေးခွင့်ရှိသူပေါင်း ၇၃၈ ဦးရှိပြီး အမျိုးသား ၃၅၀ နှင့် အမျိုးသမီး ၃၈၈ ဦးရှိကြောင်း သိရသည်။ အလားတူ ဆိပ်ကမ်းသာမိသားစုရိပ်သာရပ်ကွက် မဲရုံအမှတ်(၁)တွင်လည်း မဲပေးခွင့်ရှိသူစုစုပေါင်း ၆၈၈ ဦးရှိရာ အမျိုးသား ၃၆၄ ဦးနှင့် အမျိုးသမီး ၃၂၄ ဦးရှိကြောင်း သိရသည်။ **အောင်မြင့် (ပြန်/ဆက်)**

## အုတ်တွင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ရပ်ကွက် ကျေးရွာအုပ်စု ၂၂ စု အတွက် မဲရုံပေါင်း ၇၂ ရုံ ဖွင့်လှစ်ထားရှိရာ ယနေ့ နံနက်ပိုင်းမှ စ၍ ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)နေရာအတွက် မဲပေးခွင့်ရှိ ဦးရေ ၅၉၀၀၀ ကျော်ရှိပြီး ယနေ့ ပြည်သူများ လာရောက်ဆန္ဒမဲပေးနေမှုကို နိုင်ငံခြားသားများလည်း လာရောက်လေ့လာခဲ့ကြသည်။

**သူရ(တောင်ငူ)**

## ရသေ့တောင်

ယနေ့ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရသေ့တောင်မြို့နယ် လစ်လပ်မဲဆန္ဒနယ် အမှတ် (၂)အတွက် ရသေ့တောင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

ရခိုင်ပြည်နယ်လွှတ်တော်၌ လစ်လပ်လျက်ရှိသော ရသေ့တောင်မြို့နယ် အမှတ်(၂)မဲဆန္ဒနယ်အတွက် ဝင်ရောက်အရွေးချယ်ခံသူ လေးဦးရှိရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်သန်းမောင်၊ ရခိုင်အမျိုးသားပါတီမှ ဦးမောင်လှမြင့်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးသိန်းမောင်၊ တစ်သီးပုဂ္ဂလ ဦးတင်မောင်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မဲရုံများအနေဖြင့် ရသေ့တောင်မြို့ပေါ်၌ သုံးရုံ၊ ကျေးရွာအုပ်စုများတွင် ၈၃ ရုံ စုစုပေါင်း မဲရုံ ၈၆ ရုံ ဖွင့်လှစ်ထားရှိပြီး မဲပေးခွင့်ရှိသည့်လူဦးရေမှာ စုစုပေါင်း ၅၂၃၀၀ ဖြစ်ကြောင်း သိရသည်။



သပိတ်ကျင်းမြို့နယ်၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နေရာနှင့် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ဆန္ဒမဲများ ရေတွက်နေစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)

ရသေ့တောင်မြို့နယ်အတွင်း မဲဆန္ဒရှင်များ မဲလာရောက်ထည့်ဝင်နေမှုကို သတင်းမီဒီယာများ လာရောက်သတင်းယူပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့များလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တမူး

ကြားဖြတ်ရွေးကောက်ပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မဲရုံအားလုံးကို နိုဝင်ဘာ ၃ ရက် နံနက် ၆ နာရီ တွင် ဖွင့်လှစ်ဖွင့်ချင်း ပြည်သူများ လာရောက် ဆန္ဒမဲပေးကြသည်။

“မနက်ခင်း အလုပ်မသွားခင် စောစောသွားပေးလိုက်တာပဲ။ ကိုယ်လုပ်ရမယ့်တာဝန် ကျေပွန်ဖို့လိုတယ်လေ။ လတ်တလောမြင်ရတာကတော့ မဲပေးတာ စိတ်ဝင်စားကြပါတယ်”ဟု တမူးမြို့ဒေသခံ ဆန္ဒမဲပေးခဲ့သူတစ်ဦးက ပြောသည်။

တမူးမြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ စုတွင် မဲရုံပေါင်း ၃၈ ရုံ၌ မဲပေးနိုင်သူ အတည်ပြုမဲစာရင်းအရ ၃၅၄၃၄ ဦးရှိကြောင်း သိရသည်။

“ဒီကနေ့ မနက် ၆ နာရီတိတိ မဲရုံ အားလုံးမှာ ပြည်သူတွေ ဆန္ဒမဲ စတင်ပေးကြပါတယ်။ ၆ နာရီမထိုးခင်ကတည်းက မဲရုံရှေ့မှာ မဲပေးဖို့စနစ်တကျ တန်းစီနေကြတာ တွေ့ရတယ်။ တမူးကြားဖြတ်ရွေးကောက်ပွဲမှာတော့ ပြည်သူလူထု စိတ်ဝင်စားမှုမြင့်တာကို တွေ့ရပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်း ရှိပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်က ပြောသည်။

မဲရုံပေါင်း ၃၈ ရုံကို ဇုန်များခွဲကာ ရဲတပ်ဖွဲ့ဝင် ၁၄၂ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများက လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

“တမူး ကြားဖြတ်ရွေးကောက်ပွဲကို ANFREL အဖွဲ့နဲ့ ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ PACE အဖွဲ့ဝင်တွေ စောင့်ကြည့်လေ့လာနေပြီး သတင်းမီဒီယာ ရှစ်ဖွဲ့က သတင်းထောက် ၁၃ ဦး သတင်းရယူနေကြပါပြီ။ နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက်က ကြိုတင်မဲပေးခဲ့ကြတာ။ မဲဆန္ဒနယ် ပြင်ပမဲဆန္ဒရှင်က ၆၃ ဦး၊ မဲဆန္ဒနယ် အတွင်းက ကြိုတင်မဲ ၁၀၄၉ ဦး ပေးခဲ့ကြပါတယ်”ဟု ဦးအောင်မျိုးလွင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မတူပီ

မတူပီမြို့၌ ကျင်းပသော မတူပီမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်အတွင်းရှိ မဲရုံပေါင်း ၇၀ ကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့သည်။

မတူပီမြို့ပေါ် လေးရပ်ကွက်တွင် မဲရုံ ရှစ်ရုံနှင့် ကျေးရွာအုပ်စုများတွင် မဲရုံ ၆၂ ရုံ ထားရှိပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအုပ်နော၊ အတွင်းရေးမှူး ဦးလင်းကျော်နှင့် အဖွဲ့ဝင် ဦးခမ်လျန်ဆုမ်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကြီးကြပ်ခဲ့ကြသည်။

မတူပီမြို့၌ ကျင်းပသော ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)ကြားဖြတ်ရွေးကောက်ပွဲတွင် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် အမျိုးသား ၈၃၁၅ ဦးနှင့် အမျိုးသမီး ၉၀၄၇ ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သပိတ်ကျင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် သပိတ်ကျင်းမြို့ပေါ်ရပ်ကွက်များ၌ မဲရုံ သုံးရုံ၊ ကျေးရွာအုပ်စုများတွင် မဲရုံ ၄၄ ရုံ စုစုပေါင်း မဲရုံ ၄၇ ရုံ ဖွင့်လှစ်ထားရှိရာ ယနေ့ နံနက်ပိုင်းမှစ၍ ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

သပိတ်ကျင်းမြို့နယ်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် မဲပေးခွင့်ရှိသူ ဦးရေမှာ ၄၉၇၄၉ ဦးရှိပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နေရာအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုလယ်သမား၊ အလုပ်သမား အင်အားစုပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) တို့က လည်းကောင်း၊ ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတို့က လည်းကောင်း အမည်စာရင်းတင်သွင်းထားကြသည်။

**မြို့နယ်(ပြန်/ဆက်)**




အုတ်တွင်းမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနေမှုကို လာရောက်လေ့လာသည့် နိုင်ငံခြားသားများကို တွေ့ရစဉ်။ ဓာတ်ပုံ-သူရ(တောင်ငူ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဟာဗားနားကူးသန်းရောင်းဝယ်မှုနှင့် ကုန်သွယ်မှုကုန်စည်ပြပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဟာဗားနားကူးသန်းရောင်းဝယ်မှုနှင့်ကုန်သွယ်မှု ကုန်စည်ပြပွဲ (XXXVI Havana International Fair – FIHAV 2018) သို့ တက်ရောက်ခဲ့သည်။

**တက်ရောက်ခဲ့**

(၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဟာဗားနားကူးသန်းရောင်းဝယ်မှုနှင့် ကုန်သွယ်မှု ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ကျူးဘားနိုင်ငံသမ္မတ H.E. Mr. Miguel Díaz-Canel ၊ နိုင်ငံခြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီး H.E. Rodrigo Malmierca Diaz ၊ ကျူးဘားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်များဖြစ်သော ဗင်နီဇွဲလား၊ ရုရှား၊ စပိန် အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံပေါင်း ၆၅ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**လုပ်ငန်းစဉ်များရှင်းလင်းပြောကြား**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဟာဗားနားမြို့ ဆေးဝါးညွှန်ကြားမှုဌာန (Bio Cuba Farma) သို့ ရောက်ရှိရာ ကျွမ်းကျင်ပညာရှင် Dr. Dora Carcia Deigado နှင့် ညွှန်ကြားရေးမှူး Dr. Normando E. Iznaga Esco.bar တို့က Bio Cuba Farma မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးကဏ္ဍ၊ လယ်ယာကဏ္ဍတို့နှင့်စပ်လျဉ်းသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးတွက် ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Dra C. de la Salud Marcia Cobas Ruiz နှင့် တွေ့ဆုံပြီး ဆေးနှင့်ဆေးပစ္စည်းများတင်သွင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကျူးဘားနိုင်ငံ ဆေးဝါးသုတေသနဌာန Centro de Inmunologia Molecular သို့ရောက်ရှိရာ ဌာနမှူး Mr. Marardo Pujol နှင့် ဒေသတွင်း စီးပွားရေးစီမံခန့်ခွဲမှုအရာရှိ Dr. Patricia Sierra Blazquez တို့က ကျူးဘားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုနှင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချမှု အခြေအနေများနှင့် မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့**

ညနေပိုင်းတွင် ကျူးဘားနိုင်ငံ Center for Genetic Engineering and Biotechnology သို့ ရောက်ရှိရာ ဌာနမှူး Mr. Lic.Frank Gabriel Denis Martinez က ကင်ဆာဆေးဝါးများ၊ ဆီးချိုဆေးဝါးများ၊ အသည်းရောင်အသားဝါ ရောဂါကုဆေးဝါးများ ထုတ်လုပ်၍ ကမ္ဘာ့နိုင်ငံများသို့ ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ ဆေးပညာရှင်များ၊ သင်တန်းများ အပြန်အလှန်စေလွှတ်ရေးနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ပေးထားမှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ကျူးဘားနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး H.E. Rodrigo Malmierca Diaz နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

**ပြန်လည်ရောက်ရှိ**

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် အထောက်အထားပြုလေ့လာမှုဒီဇိုင်းပုံစံ ပထမအကြိမ်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် အထောက်အထားပြုလေ့လာမှုဒီဇိုင်းပုံစံ ပထမအကြိမ်ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**အကြံပြုချက်များရယူလျက်ရှိ**

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ရေးဆွဲရေးလုပ်ငန်းများတွင် နည်းပညာအကူအညီနှင့် ငွေကြေးအကူအညီပံ့ပိုးပေးသော ယူနက်စကို(မြန်မာ)၊ သြစတြေးလျအစိုးရ၊ ဖင်လန်အစိုးရ၊ ဗြိတိသျှအစိုးရများနှင့် သြစတြေးလျပညာရေးသုတေသနကောင်စီမှ အကြံပေးပညာရှင် Dr. Jen Jackson တို့အား ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၄)ရပ်ကို အကောင်အထည်ဖော်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆရာအတတ်ပညာရေးဦးစားပေးလုပ်ငန်းများ၊ ကျောင်းသားအားလုံး သင်ယူမှုရလဒ် တိုးတက်အောင် မြှင့်တင်ခြင်းလုပ်ငန်းများတွင် ဆရာများကို အထူးအလေးထားအသိအမှတ်ပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ရေးဆွဲခြင်းကို အညွှန်းဘောင်ရေးဆွဲရေး အဖွဲ့ဝင်များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်မူကြမ်းအား အမျိုးသားပညာရေးမူဝါဒကော်မရှင်သို့ တင်ပြ၍ အကြံပြုချက်များရယူလျက်ရှိပါကြောင်း၊ လုပ်ငန်းအတွေ့အကြုံရှိ ဆရာများ၊ ကျွမ်းကျင်အဆင့်ရှိ ဆရာများ၊ ဦးဆောင်သူ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်ကို ဆက်လက်ရေးဆွဲနေဆဲဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အထောက်အထားပြုလေ့လာမှု လုပ်ငန်းစဉ်များတွင် ပံ့ပိုးပေးသည့် ယူနက်စကို (STEM Project, DFAT My-EQIP project) သြစတြေးလျပညာရေးသုတေသနကောင်စီတို့ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံ၏ သင်ကြား၊ သင်ယူမှုတိုးတက်ရေးကို ပံ့ပိုးပေးနိုင်မည့် အထောက်အထားပြုလေ့လာမှုလုပ်ငန်းအတွက် ဒီဇိုင်းရွေးချယ်ရာတွင် အကောင်းဆုံးဒီဇိုင်းကို ရွေးချယ်ပေးကြရန်နှင့် တက်ကြွစွာပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ယူနက်စကို (STEM Project Team)နှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ ယနေ့ဆွေးနွေးပွဲအတွက် ငွေကြေးနှင့် နည်းပညာပံ့ပိုးပေးသော အလှူရှင်များနှင့် My-EQIP အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Ms.Min Jeong Kim, Head of Office, UNESCO Myanmar နှင့် Ms. Esther Sainsbury, First Secretary, Australian Embassy တို့က အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြခဲ့**

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မေစန်းရီက ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် နည်းပညာဆိုင်ရာ အထောက်အထားခိုင်မာမှု ဒီဇိုင်းပြင်ဆင်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ၊ TCSF ပြုစုရေးလုပ်ငန်းစဉ် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်နှင့် ဆရာများ အတတ်ပညာလမ်းကြောင်း ဆက်စပ်မှုအကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ***ကျောဖုံးမှ***

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တစ်သီးပုဂ္ဂလတို့မှ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မန္တလေးခရိုင်အတွင်း ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းမြင့်က “ဒီနေ့ကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ အဆင်ပြေစွာ မဲပေးရွေးချယ်နိုင်ကြဖို့အတွက် မဲရုံတွေ ပြင်ဆင်ထားမှုကို တစ်ရက်ကြိုတင်ပြီး ကွင်းဆင်းကြည့်ရှုခဲ့တဲ့အပြင် အေးချမ်းလုံခြုံစွာ မဲပေးနိုင်ဖို့နဲ့ မသန်စွမ်းတွေကို ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက် ကြိုတင်ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ အမှန်တကယ် ဒီမိုကရေစီ ထူထောင်ချင်တယ်ဆိုရင် ဆန္ဒမဲပေးတာက အခြေခံဖြစ်တဲ့အတွက် အားလုံး စိတ်ပါဝင်စားစွာ လာရောက်ဆန္ဒမဲပေးစေချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် မဲရုံအမှတ်(၁)သို့ လာရောက်ဆန္ဒမဲပေးသူ ရှမ်းတိုင်းရင်းသား ဦးညဏ်ဝင်းကလည်း “မဲပေးရတာ အစစအရာရာ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားလူမျိုးတွေအတွက် ဆောင်ရွက်ပေးမယ့် ဝန်ကြီးနေရာကို ကျွန်တော်တို့ အားတက်သရော လာရောက်ရွေးချယ် ဆန္ဒမဲပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ မဲပေးရွေးချယ်တဲ့သူက ရှမ်းတိုင်းရင်းသားလူမျိုးတွေအတွက် ဦးဆောင်တာဝန်ခံပြီး ဆောင်ရွက်ပေးမယ်ဆိုရင် ကျေနပ်ပါတယ်။ ကျွန်တော်တို့ လူမျိုးတွေအားလုံးကိုလည်း ဆန္ဒမဲလာရောက်ပေးကြဖို့ တိုက်တွန်းထားပါတယ်”ဟု ပြောသည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသူ ဒေါ်ဖြူဖြူဝင်းကလည်း “ကျွန်မတို့ မိသားစုမှာ မဲပေးပိုင်ခွင့်ရှိသူ ကျွန်မ တစ်ယောက်တည်းရှိပါတယ်။ အခုကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးရတာ အဆင်ပြေတဲ့အတွက် ကျေနပ်ပါတယ်။ မဲလာပေးတဲ့ ရည်ရွယ်ချက်ကတော့ ကိုယ့်နိုင်ငံ ကိုယ်လူမျိုးအကျိုးအတွက် မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်တဲ့ ကိုယ်စားလှယ်ကို ကိုယ့်စိတ်ကြိုက်ရွေးချယ်ပေးချင်လို့ လာရောက် မဲပေးခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

ထို့အပြင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် မဲရုံအမှတ်(၁)မှ မဲရုံမှူး ဦးအေးဝင်းကလည်း “မနက် ၆ နာရီ မဲရုံဖွင့်ကတည်းက တစ်ဦးချင်းအနေနဲ့ရော မိသားစုအလိုက်ပါ လာရောက်ပြီး မဲဆန္ဒပေးနေကြပါတယ်။ ကျွန်တော်တို့ မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒရှင် ၄၂၆ ဦး ရှိပါတယ်။ မဲပေးသူတွေ အဆင်ပြေဖို့အတွက် တာဝန်ကျ မဲရုံအဖွဲ့ဝင် အတွင်း၊ အပြင် ၁၅ ဦးနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်။ မသန်စွမ်းတွေ မဲပေးမယ်ဆိုရင် သူနဲ့အတူပါလာတဲ့ အကူအညီပေးမယ့်သူတွေနဲ့ မဲပေးနိုင်သလို အကူအညီမပါရင်လည်း ကျွန်တော်တို့ မဲရုံဝန်ထမ်းတွေက လိုက်ပါကူညီ ဆောင်ရွက်ပေးဖို့ ကော်မရှင်က ညွှန်ကြားထားပါတယ်” ဟု ပြောသည်။

မန္တလေးခရိုင်အတွင်း ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မြို့နယ်ခုနစ်မြို့နယ်မှ မဲပေးကြမည့် ရှမ်းတိုင်းရင်းသားမဲဆန္ဒရှင်စာရင်းမှာ အောင်မြေသာစံမြို့နယ်တွင် ၁၃၈၆ ဦး၊ ချမ်းအေးသာစံမြို့နယ်တွင် ၃၇၅၉ ဦး၊ မဟာအောင်မြေမြို့နယ်တွင် ၃၁၀၀ ၊ ချမ်းမြသာစည်မြို့နယ်တွင် ၂၂၂၆ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၁၂၅၀ ၊ အမရပူရမြို့နယ်တွင် ၂၄၀ နှင့် ပုသိမ်ကြီးမြို့နယ်တွင် ၁၃၁ ဦး စုစုပေါင်း ၁၂၀၉၂ ဦး ရှိပြီး မဲရုံအရေအတွက်မှာ ၁၂၇ ရုံ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မန်းကိုယ်ပွားသတင်းအဖွဲ့**

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာတို့ကို အသင်းအထွေထွေအတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ် ရေဘေးကယ်ဆယ်ရေးများတွင် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းခဲ့ကြသူများအား အသင်းဥက္ကဋ္ဌ ဦးမြင့်ကြူနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး လာရောက်လေ့လာကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၃

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်၌ လစ်လပ်တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် ယနေ့ နံနက်ပိုင်းတွင် မိသားစုရပ်ကွက်နှင့် ရဲရိပ်သာရပ်ကွက်တို့၌ ကျင်းပရာ အောင်မြင်အေးချမ်းစွာ ပြီးဆုံးခဲ့ပြီး အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။** (အောက်ပုံ)



**အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်၌ ကျင်းပသည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲသို့ လာရောက် လေ့လာစဉ်။**

"ကျွန်တော်တို့က မြန်မာဒီမိုကရေစီ အရေးကို အမြဲထောက်ခံခဲ့ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ရွေးကောက်ပွဲတွေကလည်း နိုင်ငံတစ်နိုင်ငံ တိုးတက်မှုအတွက် အလွန်ပဲအရေးကြီးပါတယ်။ ဒီရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ကျွန်တော် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနဲ့ နေပြည်တော်မှာ သွားတွေ့တဲ့အခါ ရွေးကောက်ပွဲကျင်းပရာ မဲရုံတွေကို သွားရောက်လေ့လာဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့် လေ့လာဖြစ်တာပါ။ အခုလို မြေပြင်ဆင်း လေ့လာတဲ့အခါမှာ ချောချောမွေ့မွေ့ တွေ့ရလို့လည်း ဝမ်းသာပါတယ်။ လာမယ့် အင်္ဂါနေ့မှာလည်း အမေရိကန်မှာ အခုလိုရွေးကောက်ပွဲလုပ်ဖို့ ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း အခုလိုပဲ ပွင့်လင်းမြင်သာစွာ ကျင်းပသွားမှာပါ။ ရွေးကောက်ပွဲတွေ လုပ်တဲ့အခါမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကွာဟမှု နည်းနည်းတော့ ရှိပါတယ်" ဟု ယနေ့ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲသို့ လာရောက်လေ့လာသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်က ပြောသည်။

**ရှစ်ပါတီဝင်ရောက်ယှဉ်ပြိုင်**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်၌ ကျင်းပသည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မိသားစုရပ်ကွက်နှင့် ရဲရိပ်သာရပ်ကွက်တို့၌ မဲရုံနှစ်နေရာခွဲ ကျင်းပရာ ယင်းမဲရုံများ၌ ပါတီ ရှစ်ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တစ်သီးပုဂ္ဂလအနေဖြင့် တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကြားဖြတ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ လာရောက်ဆန္ဒမဲပေးသော ရဲရိပ်သာရပ်ကွက်မှ ဦးတင့်ဝေက "အခုလို လွတ်လွတ်လပ်လပ်နဲ့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မရှိဘဲ မဲပေးခွင့်ရတာ ကျေနပ်ပါတယ်။ တိုင်းပြည်ရဲ့ တစ်ထောင့်တစ်နေရာအတွက် လွှတ်တော်အမတ်တွေ ရွေးတဲ့အခါ ကိုယ်ရွေးချယ်ပေးလိုက်တဲ့သူက ပြည်သူတွေအတွက် ဘယ်လောက်အလုပ်လုပ်ပေးနိုင်မလဲ၊ ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲ၊ လွှတ်တော်ပဲ တက်နေတယ်၊ ပြည်သူအတွက်လည်း ဘာမှ မလုပ်ပေးနိုင်ဘူး၊ မပြောပေးနိုင်ဘူးဆိုရင် မဲပေးရကျိုးနပ်မှာ မဟုတ်ပါဘူး။ ဒီနေ့တော့ တကယ်လုပ်ပေးနိုင်မယ် ထင်တဲ့သူကို မဲပေးခဲ့တာပါ။ လိုက်ပြီး စည်းရုံးကတည်းက သေချာစဉ်းစားဆုံးဖြတ်ပြီး ဒီကနေ့ ပေးခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# တာမွေမြို့နယ် မဲဆန္ဒနယ်မှ လက်သန်းပိုင်ရှင်တို့၏ မျှော်လင့်ချက် စကားသံများ



ဦးဇော်ဝင်း
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)



ဦးအောင်မြင့်
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)



မအိအိမိုး
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)



ဦးညွန့်ထွန်း
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)



ဒေါ်ရင်မြ
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)



ဦးကိုကိုသန်း
(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)

ရန်ကုန် နိုဝင်ဘာ ၃

**အခန်းဝမှ ထွက်လာသူတိုင်းသည် မင်စွန်းထင်းကျန်ရစ်ခဲ့သည့် လက်သန်းများကို ပြန်လည်ကြည့်ရှုနေကြသည်။ အဆိုပါ လက်သန်းပိုင်ရှင်များကား ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ မဲဆန္ဒရှင် ပြည်သူများ ဖြစ်ကြသည်။**

တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပါတီပေါင်း ရှစ်ပါတီမှ ကိုယ်စားလှယ် ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မဲပေးပိုင်ခွင့်ရှိသူ ၉၉၁၁၉ ဦး၊ မဲရုံပေါင်း ၁၂၃ ရုံရှိသည်။ ယနေ့ ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူတို့က ယခုကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲအပေါ်၊ ကိုယ်စားလှယ်လောင်းများအပေါ် ထားရှိသည့် သဘောထားနှင့် မျှော်လင့်ချက်များကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**ဦးဇော်ဝင်း**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

သမ္မတကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ တာမွေမြို့နယ်က လစ်လပ်သွားတဲ့နေရာမှာ အစားထိုးဝင်ရောက်မယ့် ကိုယ်စားလှယ်ကို စိတ်အားထက်သန်စွာနဲ့ မဲထည့်ခဲ့ပါတယ်။ ကိုယ်စားလှယ်အနေနဲ့ ရပ်ကွက်နဲ့ မြို့နယ်အတွက် သူ့ရဲ့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း လိုချင်ပါတယ်။ ရွေးကောက်ပွဲတိုင်းလည်း ပြည်သူတစ်ဦးရဲ့ တာဝန်ကျေပွန်အောင် အမြဲတမ်း မဲထည့်ခဲ့ပါတယ်။ အရင် မဆလခေတ်တုန်းက တစ်ပါတီစနစ်ဆိုတော့ ထောက်ခံ၊ ကန့်ကွက်တာပဲ ရှိပါတယ်။ အခုကတော့ ပါတီစုံဆိုတော့ ကိုယ်စားလှယ်လောင်းတွေက တစ်ဦးထက်မကရှိတယ်။ ဒါကြောင့် ကိုယ်ကြိုက်နှစ်သက်တဲ့သူကို ရွေးချယ်ပြီး မဲထည့်ခွင့်ရတယ်။ လွတ်လပ်မှု ရှိသွားတယ်။

**ဦးအောင်မြင့်**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

မဲရုံနံပါတ် ၃ မှာ မဲထည့်ခဲ့ပါတယ်။ အရင်ကတည်းက မဲထည့်ဖူးတဲ့ အတွေ့အကြုံရှိတော့ အခက်အခဲ ဘာမှမရှိပါဘူး။ မဲရုံထဲကိုရောက်တော့ လမ်းနာမည် ရပ်ကွက်နာမည်ပေးပြီး မဲစာရွက်ထုတ်ပေးပါတယ်။ ရပ်ကွက်အတွက်ရော၊ ကျေးရွာအတွက်ရော၊ တိုင်းပြည်အတွက်ရော အားလုံး ထမ်းဆောင်နိုင်တဲ့ ကိုယ်စားလှယ်ကို ရွေးချယ်ပြီး တံဆိပ်တုံးနှိပ် မဲထည့်ခဲ့တာပါ။ ကျွန်တော် စိတ်ကြိုက် ရွေးချယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းရဲ့ အကြောင်းကို သိပြီးသားပါ။ သူက တိုင်းပြည်အတွက်၊ ရပ်ကွက်အတွက် ကြိုးစားပမ်းစား ဆောင်ရွက်မယ့်သူဖြစ်လို့ ရွေးချယ်ခဲ့တာပါ။ ကြားဖြတ်ရွေးကောက်ပွဲမှာ မဲထည့်ခွင့်ရတဲ့အတွက် ကျေနပ်အားရ ဝမ်းသာပါတယ်။ ကျွန်တော်က ဦးနုခေတ်ကတည်းက မဲပေးလာတာပါ။ အဲဒီအချိန်အခါက ကျောင်းသားဘဝ ဖြစ်နေတယ်။ အခုအသက်အရွယ်ထိ မဲပေးလာတဲ့အကြိမ် များနေပါပြီ။ ကြားဖြတ်တွေပါမကျန် မဲပေးခဲ့တာပါ။ ကျွန်တော်တို့ စိတ်ကြိုက်ရွေးချယ်ထားတဲ့ မဲဆန္ဒရှင်တွေကို ပြောချင်တာကတော့ တိုင်းပြည်အတွက်ရော၊ ရပ်ကွက်အတွက်ရော အကုန်လုံး ကြိုးစားပမ်းစား ဆောင်ရွက်ပေးပါ။

**မအိအိမိုး**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်လောင်းက ဒီရပ်ရွာမှာ အနိုင်ရခဲ့မယ်ဆိုရင် ပြည်သူ့အသံကို နားထောင်ပေးပြီး တစ်ဟုန်ထိုးမဟုတ်ဘဲနဲ့ တစ်ဆင့်ချင်းသွားစေချင်တယ်။ ပြည်သူတွေရဲ့တကယ်လိုအပ်နေတဲ့ လိုအပ်ချက်ကို နားထောင်ပြီး တစ်ဆင့်ချင်းသွားနိုင်ဖို့ မျှော်လင့်ပါတယ်။ အမှားနည်းနိုင်သမျှ နည်းစွာနဲ့ သွားနိုင်ဖို့ မျှော်လင့်ပါတယ်။ မဲထည့်တဲ့အခါ အရင်နဲ့ အခု ဘာမှမကွာပါဘူး။ အများကြိုက်တဲ့ ကိုယ်စားလှယ်လောင်းပဲ တက်စေချင်ပါတယ်။ တက်တဲ့သူလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်လို့ ယုံကြည်ပါတယ်။ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်မ ရွေးချယ်ဆန္ဒမဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းက အနိုင်ရသည်ဖြစ်စေ၊ အနိုင်မရသည်ဖြစ်စေ ဒီကြားဖြတ်မှာ အနိုင်ရတဲ့သူက ကိုယ့်ကို လမ်းပြသွားမယ့်လူ ဖြစ်တဲ့အတွက်ကြောင့် သူ့ကို ပံ့ပိုးပေးမယ်။ ကောင်းသော ဝေဖန်ချက်နဲ့ ထောက်ပြပေးမယ်။

**ဦးညွန့်ထွန်း**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

ဒီကြားဖြတ်မှာ အများကြီး ကြည့်မနေတော့ဘူး။ ကိုယ်ကြိုက်တဲ့ကိုယ်စားလှယ်ကိုပဲ မဲပေးခဲ့တာပါ။ ကျန်တာဘာမှ မစဉ်းစားတော့ပါဘူး။ ကောင်းအောင် လုပ်ပေးမယ်လို့ပဲ မြင်တယ်။

**ဒေါ်ရင်မြ**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

အန်တီကတော့ လူနဲ့ ပါတီကို ကြည့်ပြီး ကောင်းမယ်ထင်တဲ့ ကိုယ်စားလှယ်ကို မဲပေးခဲ့တာပါ။ ဒီကြားဖြတ်မှာ အနိုင်ရခဲ့တဲ့ ကိုယ်စားလှယ်က သူလုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကို လုပ်သွားမယ်လို့ ထင်ပါတယ်။ အန်တီ မဲပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။

**ဦးကိုကိုသန်း**
**(တာမွေမြို့နယ်၊ မဲဆန္ဒရှင်ပြည်သူ)**

ကျွန်တော်ဆန္ဒမဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းက တိုင်းပြည်အပေါ် တကယ်စေတနာရှိမယ့်လူ၊ အခုရေတွင်းတူး ရေကြည်သောက်လို့ မရတဲ့ အချိန်မျိုးပါ။ ကျွန်တော်တို့က မဆလခေတ်မှာ ကြီးပြင်းလာတဲ့ လူတွေဆိုတော့ ခေတ်က ပြောင်းတဲ့အချိန်မှာ ချက်ချင်းပြောင်းလို့ မရပါဘူး။ ဒါကြောင့် အားတွေကို ပံ့ပိုးပေးဖို့ပဲ ဆန္ဒရှိတာပါ။ ကျွန်တော်တို့ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အတွက် လိုအပ်နေတဲ့ အပိုင်းတွေကို ကိုယ်ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်လောင်းကနေ တစ်ဆင့် ပြည်သူတစ်ဦးအနေနဲ့ တောင်းဆိုရမှာပေါ့။ ခေတ်ရဲ့ ပြောင်းလဲမှုကိုလည်း လိုက်လျောညီစွာ လိုက်ပြောင်းပေးရမယ့် တာဝန် ကျွန်တော်တို့မှာရှိတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်လောင်းက ကိုယ့်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ယူဆပါတယ်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- ဇော်ကြီး**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပုသိမ်တက္ကသိုလ်တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

ပုသိမ် နိုဝင်ဘာ ၃

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်၌ ကျင်းပသည်။**




ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူလေးများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမတွင် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၉) မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song ကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**စာအုပ်စာပေများအပေါ် တန်ဖိုးထားရမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ပွဲတော်သို့ လာရောက်ကြသည့် ကလေးများသည် စာအုပ်စာပေနှင့် ပတ်သက်ပြီး ခင်းကျင်းပြသထားမှုကို အများကြီး မြင်ရတွေ့ရမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများမှအစ စာပေနှင့်ပတ်သက်သည့်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲစသဖြင့် တွေ့ရမည်ဖြစ်ပါကြောင်း၊ ဝင်ရောက်ပြီး ကစားကြမည့် ပြင်ပမှ လာရောက်ကြသည့် ကလေးများအတွက်လည်း စကားပုံဆက်ကစားနည်း စသည်တို့မှာလည်း စာပေနှင့် ဆက်စပ်နေပါကြောင်း၊ ကလေးများအတွက် စာအုပ်စာပေနှင့် ပတ်သက်ပြီး ခင်းကျင်းပြသထားသည်များရှိသလို စာအုပ်ဆိုင်များ ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရှိရသည့်အတွက် ကလေးများအနေဖြင့် စာအုပ်စာပေများအပေါ် တန်ဖိုးထားရမည်ဆိုသည့်အသိမျိုး စိတ်ထဲဝင်ရောက်စေချင်ပါကြောင်း။

**ကလေးများအား ပြုစုပျိုးထောင်ပေးစေချင်**

ကလေးစာပေပွဲတော်များကို စိတ်ချမ်းသာပျော်ရွှင်တတ်သော ကလေးများ၊ စာအုပ်စာပေ ချစ်မြတ်နိုးသော ကလေးများ၊ လုပ်ငန်းခွင်တွင် အများနှင့် ပေါင်းသင်းဆက်ဆံ လုပ်ကိုင်တတ်သော ကလေးများ၊ လူတော် လူကောင်း ကလေးများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတွင် စိတ်ဓာတ်ကောင်းသော အရည်အချင်းပြည့်ဝသော လူငယ်များ၊ လူလတ်များ၊ လူကြီးများ ဖြစ်လာစေရန် ယနေ့အချိန်မှစပြီး ကလေးများအား ပြုစုပျိုးထောင်ပေးစေချင်ပါကြောင်း။

ကမ္ဘာပေါ်တွင် စာပေဖတ်ရှုသည့်နိုင်ငံ၊ စာဖတ်ချိန်အများဆုံး အသုံးပြုသည့် နိုင်ငံများစာရင်းကိုကြည့်ပါက တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည့် ထိပ်ဆုံးတွင် ပါဝင်နေပါကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံသည်လည်း စာပေအများဆုံးဖတ်ရှုသည့် နိုင်ငံစာရင်းတွင် ထိပ်တန်းတွင်ပါဝင်နေပါကြောင်း၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ဆောင်ရာတွင် မိမိတို့ပြည်သူများအနေဖြင့် နယ်ပယ်ပေါင်းစုံကို သိရှိရန် စာအုပ်စာပေများကို လေ့လာဖတ်ရှုရန် လိုအပ်ပါကြောင်း၊ လူကြီးများကို စာဖတ်ရန်အတွက် တိုက်တွန်းရန်ခက်ခဲပါကြောင်း၊ စာဖတ်ခြင်းသည် အလေ့အကျင့်ရှိရန် လိုပါကြောင်း၊ စာဖတ်ခြင်းကို လိုလိုလားလားဖြစ် ဝါသနာပါရန် လိုအပ်ပါကြောင်း၊ အလေ့အထများ ရှိလာရန် လိုအပ်ပါကြောင်း၊ အသက်ကြီးမှ စာဖတ်ဝါသနာပါရန် လေ့ကျင့်ရန် ခက်ခဲပါကြောင်း၊ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ရန် လိုအပ်ပါကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် ဆင်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်ခန်းများတွင် စာဖတ်ခန်းများ ဆောင်ရွက်ပေးထားပါကြောင်း၊ ရှိသည့် အင်အားဖြင့် လုပ်နိုင်သမျှ ဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း ကလေးစာဖတ်ခန်းနမူနာပြသထားပါကြောင်း၊ ကလေးစာဖတ်ခန်းများကို စိတ်ဝင်စားသည့် စေတနာရှိသည့် ပုဂ္ဂိုလ်များက စာဖတ်ခန်းလုပ်ရန် မိမိတို့ဌာနသို့ ကမ်းလှမ်းမှုများ ရှိလာပါကြောင်း၊ ယခင် ၎င်းတို့အစီအစဉ်ဖြင့် ကလေးစာဖတ်ခန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းများလည်း ရှိပါကြောင်း၊ ကလေးများ စာဖတ်သည့် အလေ့အကျင့်များရှိစေရန် သင်ကြားပေးသည့် အဖွဲ့အစည်းလည်း ရှိပါကြောင်း၊ မိမိတို့ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း စာသင်ကျောင်းများတွင် စာဖတ်ခန်းများ ပြည့်ပြည့်ဝဝ ဖြစ်လာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ ကလေးများ စာဖတ်ဝါသနာပါစေရန် အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စိစစ်အကဲဖြတ်နိုင်စွမ်းရှိစေရန်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကား ပြောကြားရာတွင် စာဖတ်တတ်သည့် အလေ့အကျင့်ကို အားပေးရန်၊ စာများများဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာများများ ဖတ်ရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ စာအုပ်များ ပံ့ပိုးပေးရန်၊ စာဖတ်ပြီးပါက အကြောင်းအရာကို ပြန်လည်ဆွေးနွေးသုံးသပ် ပိုင်းခြားနိုင်စွမ်းရှိသော၊ စိစစ်အကဲဖြတ်နိုင်စွမ်းရှိစေရန် စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားရာတွင် အနာဂတ်ကို ထုဆစ်ပုံဖော်မှု၊ ကလေးများ၏ ပုံရိပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်းသည် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ တည်ဆောက်အကောင်အထည်ဖော်ပေးခြင်း ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်မားသည့် အနာဂတ်အတွက် သားကောင်းသမီးမွန်များ ဖြစ်လာစေရန်၊ ကလေးများသည် စာပေတွင် မွေ့လျော်ရန် လိုအပ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

**သီဆိုကပြ ဖျော်ဖြေ**

ထို့နောက် အခြေခံပညာမူလတန်း (မရမ်းချို)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မမပုသိမ်သူအကဖြင့် လည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ထာဝရမြန်မာ တေးသီချင်းဖြင့် လည်းကောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မနောမြေမှ တေးသံသာ တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ကရင်ဒုံးယိမ်းအကဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားရှိမှုနှင့် မျက်လှည့်၊ ဆင်အကများဖြင့် ဖျော်ဖြေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**သတင်း - သီသီမင်း ၊ နေလင်း(MNA)**
**ဓာတ်ပုံ - (ပြန် / ဆက်)**




**ပုသိမ်တက္ကသိုလ်တွင် ပြုလုပ်သည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူလေးများက မမပုသိမ်သူအကဖြင့် ကပြဖျော်ဖြေနေသည်ကိုတွေ့ရစဉ်။**

# ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စာပေစကားဝိုင်း ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ထည့်သွင်းကျင်းပသည့် စာပေစကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




စာပေစကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးပြီး မအူပင် အစိုးရနည်းပညာ သိပ္ပံမှ နည်းပြ ဦးစည်သူငြိမ်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ ပုသိမ် နည်းပညာတက္ကသိုလ် BE- (Civil) ဆဋ္ဌမနှစ် ကျောင်းသား မောင်ကျော်အောင်ဇင်လတ်၊ ပုသိမ်နည်းပညာတက္ကသိုလ် BE-(EC) စတုတ္ထနှစ်ကျောင်းသူ နော်ဖေင်နီဇာ၊ မအူပင်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်စိုင်းမင်းသူအောင်၊ မအူပင်ကွန်ပျူတာတက္ကသိုလ် ပထမနှစ်ကျောင်းသူ မယမင်းခင်၊ မအူပင် တက္ကသိုလ် မဟာဝိဇ္ဇာ (မြန်မာစာ)ပထမနှစ်ကျောင်းသား မောင်ခန့်ကိုကိုနှင့် မအူပင် တက္ကသိုလ် (သမိုင်း) တတိယနှစ်ကျောင်းသား မောင်တက်တိုးတို့က ပါဝင်ဆွေးနွေးကြသည်။

### စာဖတ်ခြင်းအကြောင်း ဆွေးနွေး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာဖတ်ခြင်းအလေ့ အထမြှင့်တင်သည့် ရည်ရွယ်ချက်ဖြင့် စာဖတ်ဝိုင်းများ ပြုလုပ်လာသည့်အတွက် စာဖတ်ခြင်းအကြောင်း ဆွေးနွေးနိုင်ပါကြောင်း၊ စာရေးခြင်းအကြောင်းလည်း ဆွေးနွေးနိုင်ပါကြောင်း၊ စာအုပ်ထုတ်လုပ်သည့်အလုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း ဆွေးနွေးနိုင်ပါကြောင်း။

စာဖတ်သည့်လူမျိုးသည် တိုးတက်ကြီးပွားပါကြောင်း၊ စာဖတ်သည့် တိုင်းပြည်များသည် ရှေ့တန်းရောက်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပါကြောင်း၊ ကျန်သည့်တိုင်းပြည်များကို လွှမ်းမိုးနိုင်ပါကြောင်း၊ ယင်းကို စာတွေ့တင်သာမက လက်တွေ့တွင်လည်း တွေ့မြင်နေရပါကြောင်း။

လေ့လာသည်ဆိုရာတွင် စာဖတ်ရပါကြောင်း၊ စာဖတ်သည့်နေရာတွင် သုတ၊ ရသရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာဖတ်သည့်နေရာတွင် အကုန်ပါပါကြောင်း၊ ဘာသာရပ်ဆိုင်ရာဆိုလျှင် သုတဟု ပြော၍ရပါကြောင်း၊ သုတသာမက ကျန်သည့်ကဏ္ဍများတွင်လည်း တိုးတက်ရန်လိုပါကြောင်း၊ ခေတ်ခွဲခန်းတွင်နေသည့် သိပ္ပံပညာရှင်များချည်းဖြင့်လည်း တိုင်းပြည် မတိုးတက်နိုင်ပါကြောင်း။

### လေးနက်သည့်ဝတ္ထုများတွင် ရသ ပါ

လူအကြောင်း သိကျွမ်းရန်အတွက် စာဖတ်ခြင်းနှင့်ဆက်စပ်ပြီး လူ၏အတ္ထုပ္ပတ္တိများ၊ သမိုင်း၊ ဝတ္ထုများ၊ စိတ်ကူးယဉ်ဝတ္ထု၊ အပျော်ဖတ်ဝတ္ထု၊ အပေါ့စားဝတ္ထုလေးများဖတ်ခြင်းဖြင့် လူတွေအကြောင်း မသိနိုင်ပါကြောင်း၊ လေးနက်သည့်ဝတ္ထုများတွင် ရသ ပါကြောင်း၊ လူ့အကြောင်း လောကကြီးအကြောင်း သေသေချာချာ နက်နက်ရှိုင်းရှိုင်းဖော်ပြနိုင်သည့် ဝတ္ထုမျိုးများဖတ်သည့်သူများကသာ လူ့အကြောင်းကို သိနိုင်ကြောင်း။

သမိုင်းသိရန်လိုသလို ပထဝီလည်း သိရန်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် ပထဝီနိုင်ငံရေးလည်း သိရန်လိုအပ်ကြောင်း၊ နိုင်ငံရေးပထဝီ၊ စီးပွားရေးပထဝီ၊ နိုင်ငံတကာဆက်ဆံရေးစသည်တို့ကိုလည်း သိရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများက ဆရာမင်းသုဝဏ်ရေးသားသည့် ဘကြီးအောင်ညာတယ်ဝတ္ထု၊ ဆရာကြီး ဦးသုခ ရေးသားသည့် ငါးကျပ်ဖိုးဝတ္ထုနှင့် မိမိတို့ကြိုက်နှစ်သက်ရာ စာအုပ်စာပေများအကြောင်းကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်း-သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

# ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းသို့ လာရောက်လေ့လာသူ များပြား

**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ထူးချွန်ထက်မြက်သည့် ဧရာဝတီတိုင်းသား နိုင်ငံကျော် ပုဂ္ဂိုလ်များ၏ မှတ်တမ်းများကိုပြသထားသည့် “ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ” ပြခန်းသို့ စိတ်ဝင်တစား လာရောက်လေ့လာသူများပြားသည့်အတွက် အထူးစည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

“ဒီကိုလာတဲ့ ကလေးတွေက ကျောင်းသား ကျောင်းသူ အရွယ်လေးတွေ၊ သူတို့အရင်က မသိခဲ့တဲ့ ဧရာဝတီတိုင်းက ထူးချွန်တဲ့သူတွေကို တွေ့ရတော့ ကိုယ့်တိုင်းဒေသအတွက် ဂုဏ်ယူဝံ့ကြွားတဲ့စိတ်၊ အတုယူအားကျတဲ့စိတ်တွေ ပေါ်လာမယ်။ အခုလို သမိုင်းမှတ်တိုင်မှာ အထင်ကရရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ပြခန်းတစ်ခုအနေနဲ့ ကလေးစာပေပွဲတော်မှာ ပါဝင်ပြသထားတာ အလွန်ကောင်းတဲ့အစီအစဉ်ပါ” ဟု မြန်အောင်မြို့နယ် အမက တာကြီးကျောင်းမှ ဆရာမ ဒေါ်စိုးစိုးရည်က ပြောသည်။




### စုစည်းပြသ

အဆိုပါ ပြခန်းတွင် လက်ရှိ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့် အပါအဝင် မြန်မာသာမက ကမ္ဘာမှာပါ ကျော်ကြားသည့် နိုင်ငံရေး၊ စီးပွားရေး၊ စာပေ၊ ဂီတ၊ အနုပညာရှင် ပုဂ္ဂိုလ်များ၏ ဓာတ်ပုံ၊ ပန်းချီ၊ မှတ်တမ်းများကို လက်လှမ်းမီသရွေ့ စုဆောင်းရရှိထားသမျှ စုစည်းကာ ပြသထားခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ကလေးစာပေပွဲတော်သို့လာရောက် လေ့လာသည့် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ စာကြည့်တိုက်အဖွဲ့မှ မသူဇာနွယ်က “ကျွန်မတို့က ကလေးတွေအတွက် စာဖတ်ဖို့ ဝန်ဆောင်မှုပေးနေတဲ့ ဆရာဇော်ဂျီ စာကြည့်တိုက်က အဖွဲ့သားတွေဆိုတော့ ဒီပြခန်းလည်း ရောက်ရော ဆရာဇော်ဂျီပါလားဆိုပြီး အရင်ဆုံးရှာတာ တွေ့ရတော့ ဝမ်းသာတယ်။ ဒီမှာဆို ဧရာဝတီတိုင်းရဲ့ နယ်ပယ်အသီးသီးက နိုင်ငံ့ခေါင်းဆောင်တွေ၊ ထင်ရှားကျော်ကြားသူတွေကို ဒီပြခန်းမှာ တစ်စုတစ်ဝေးတည်း တွေ့ရတယ်။ ကလေး စာပေပွဲတော်မှာ အခုလိုပြခန်းမျိုးတွေထားရှိတာ အင်မတန်ကောင်းပါတယ်”ဟုပြောသည်။

### အများဆုံးကူညီပံ့ပိုး

ထိုပြခန်းဖြစ်မြောက်ရန် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပုသိမ်မြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင် ကိုဇော်မင်းထွဋ်က ပြခန်းနှင့်ပတ်သက်သည့် အထောက်အထားများအား အများဆုံးကူညီပံ့ပိုးထားကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**



ပုသိမ်တက္ကသိုလ်တွင် ပြုလုပ်သည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ လာရောက်ကြသူများကို တွေ့ရစဉ်။




ပုသိမ်တက္ကသိုလ်တွင် ပြုလုပ်သည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများ ကပြဖျော်ဖြေနေမှုကို တွေ့ရစဉ်။

# ပြည်သူများအပန်းဖြေနိုင်ရန် ကောင်းကင်ကြိုးစီးနင်းခြင်းနှင့် အခြားကစားနည်းနှစ်မျိုးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တည်ဆောက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

မြေဧက ၅၇ ဒသမ ၇၅၂ ဧကရှိသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ၁၉၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဝိတိုရိယ ဘုရင်မပန်းခြံဟု ဖွင့်လှစ်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် သစ်တောဌာနသို့ လွှဲပြောင်းခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ပုဂ္ဂလိကဝန်ဆောင်မှုတစ်ခုအဖြစ် ယနေ့တိုင် ဖွင့်လှစ်ပြသခဲ့ရာ အများပြည်သူပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် အမြင့်ပေ ၆၀ ရှိသည့် Zip Line Tower တစ်ခုနှင့် ကျန်ကစားနည်းနှစ်မျိုးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်သွားမည်**

ကောင်းကင်စတီးကြိုးဖြင့် နှစ်ယောက်စီး Zip Line အပါအဝင် Quick Jump အမြင့်ပေ ၃၀ မှ ခုန်သော ကစားနည်းနှင့် တောင်တက်ကစားနည်း Climbing Wall တို့ကို အောက်တိုဘာ ၁၁ ရက်မှ စတင်တည်ဆောက်လျက်ရှိပြီး နိုဝင်ဘာလကုန်တွင် တာဝါတိုင်တည်ဆောက်မှုပြီးစီး၍ စတီးကြိုးများ စတင်တပ်ဆင်လျက် ဒီဇင်ဘာ ၁၅ ရက်တွင် ကစားနည်း သုံးမျိုး ပြင်ဆင်မှုအပိုင်း ပြီးစီးလျက် ကျန်သော ၁၅ ရက်အတွင်း လေ့ကျင့်မှုများ လုပ်ဆောင်ကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။

ကောင်းကင်ကြိုး စီးနင်းရာတွင် ထိုင်လျက်နှင့် ဝမ်းလျားမှောက် ပျံသန်းခြင်းဟူ၍ရှိရာ ဝမ်းလျားမှောက်ပျံသန်းခြင်းကို ထိုင်းနိုင်ငံ ချင်းမိုင်နှင့် သြစတြေးလျနိုင်ငံတို့တွင် အများပြည်သူအပန်းဖြေစခန်းတို့၌ ထားရှိလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျိုက်ထိုမြို့ရှိ (စိမ်းလဲ့တင်)အပန်းဖြေစခန်း၌ တာဝါတိုင်လေးခုဖြင့် တစ်ဖက်တွင် နှစ်ယောက်စီးကြိုးဆိုင်းနှစ်ခုစီဖြင့် ထိုင်လျက်ကောင်းကင်ကြိုး စီးနင်းခြင်း အပန်းဖြေကစားခြင်းဖွင့်လှစ်ထားကြောင်း သိရသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တာဝါတိုင်နှစ်ခုဖြင့် တစ်ဖက်လျှင် နှစ်ယောက် တည်ဆောက်ခြင်းဖြစ်ပြီး ဆက်လက်၍ လော့ကားဥယျာဉ်တွင်လည်း ကျိုက်ထိုအပန်းဖြေစခန်းကဲ့သို့ တာဝါတိုင်လေးခုဖြင့် Zip LineTower ကို တည်ဆောက်သွားရန်ရှိကြောင်းလည်း သိရသည်။

**တားမြစ်သွားမည်**

အပန်းဖြေကစားနည်း သုံးမျိုးတွင် ကောင်းကင်ကြိုး (Zip Line) စီးနင်းရာ၌ ၉၉ ပေါင်မှ ၂၄၂ ပေါင်အတွင်းရှိသူများသာ စီးနင်းခွင့်ရှိကာ စီးနင်းစဉ် အရက်၊ ဆေးလိပ်သောက်ခြင်း၊ ကိုယ်ဝန်ဆောင်ထားခြင်းနှင့် စိတ်မကျန်းမာသူ၊ မူးယစ်စေသော အရာသုံးစွဲထားသူ၊ သွေးတိုး၊ ဆီးချိုရှိသူ၊ နာတာရှည်အရိုးအဆစ်ရောဂါရှိသူ၊ အဖုအကျိတ်နှင့် အဆစ်ရောင်ရောဂါရှိသူ၊ အမြင့်တက်စဉ် မူးဝေတတ်သူ၊ နှလုံးရောဂါရှိသူများ စီးနင်းခွင့် မပြုကြောင်းနှင့် အသိပေးဆိုင်းဘုတ်ဖြင့် တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**




ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် Zip Line Tower တည်ဆောက်မည့် မြေပုံကို တွေ့ရစဉ်။

# အရှေ့တောင်အာရှဒေသ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော The South East Asian Woman and Sports Seminar 2018 အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မီလီယာဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

"ဒီဆွေးနွေးပွဲလေးလုပ်ရတဲ့ အဓိကအကြောင်းက အမျိုးသမီးထုတွေ ပါဝင်ပြီး ကစားလာဖို့ပေါ့။ အဲဒီလို ပါဝင်ကစားပြီးတော့မှ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးတွေက အားကစားဘက်ကို တက်လှမ်းလာနိုင်မယ်ဆိုတဲ့ အနေအထားနဲ့ ဆောင်ရွက်ပါတယ်။ အဓိက ကတော့ နိုင်ငံမှာရှိတဲ့ အမျိုးသမီးထု ကြံ့ခိုင်ဖို့နဲ့ ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြောကြားသည်။

ထို့ပြင် မိခင်အမျိုးသမီးများအတွက် အားကစား၊ ကြံ့ခိုင်မှုနှင့်ပတ်သက်သော အချက်များကို အသိပညာပေးခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် မိသားစုကျန်းမာကြံ့ခိုင်မှုဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသော ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ပြီး မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့ရှိ အမျိုးသမီးအားကစားကော်မတီအဖွဲ့ဝင်များ လာရောက်ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သည် ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - အာကာစိုး**






ဘူးသီးတောင်မြို့နယ် အမှတ်(၃)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီးဝင်းသိန်းနှင့် အမှတ်(၈)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ရဲနိုင်ဦးတို့ ဦးဆောင်သောတပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၃ ရက်က ဘူးသီးတောင်မြို့နယ် မြစိမ်းရောင်ဘုန်းတော်ကြီးကျောင်းတိုက် စေတီရင်ပြင်နှင့် ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် အမှိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။ မောင်ကျော်ကြီး

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၃**

ထူးခြားသည့် ညအပူချိန်များမှာ သီပေါမြို့ ပင်လောင်းမြို့နှင့်ဟားခါးမြို့တွင် ၉ ဒီဂရီ စင်တီဂရိတ်စီ၊ လွိုင်လင်မြို့ မိုင်းယန်းမြို့ တီးတိန်မြို့နှင့်ပြင်ဦးလွင်မြို့တို့တွင် ၁၀ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မိုး/ဇလ

## ၂၀၁၈ ခုနှစ် ကျောက်မျက်ရိုင်းများနှင့်ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် နိုဝင်ဘာ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ်အခမဲ့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ နိုဝင်ဘာ ၁၇ ရက်နေ့ ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာလ ၈ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇ - ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာငွေကျပ်ဖြင့် ရောင်းချပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇- ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားကို ဒီဇင်ဘာ ၁ ရက်တွင် ပန္နက်တင်မင်္ဂလာပြုလုပ်မည်

**ဒလ နိုဝင်ဘာ ၃**

ဒလမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒလမြို့နယ်နေပြည်သူများ မျှော်လင့်လျက်ရှိသည့် ကိုရီးယား - မြန်မာချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်နိုင်ရေးအတွက် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယနေ့နံနက်က ဒလမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြုလုပ်သည့် တံတားတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက (ဒလ) တံတားပန္နက်တော်တင် မင်္ဂလာပြုလုပ်မည့် အစီအစဉ်များ၊ စီမံကိန်းဧရိယာအား ကြိုတင်ရှင်းလင်းထားရှိရေးအစီအမံများ၊ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့လာရောက်ကြမည့်ပြည်သူများအတွက် ကျွေးမွေးဧည့်ခံမှု အစီအစဉ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိန်မြအေးက ပြည်သူများ မျှော်လင့်နေသည့် (ဒလ)တံတား အမှန်တကယ်ဆောက်လုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတွင် လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြရန်နှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိရေးအခြေအနေများကို ဆွေးနွေးပြောကြားသည်။

(ဒလ)တံတား တည်ဆောက်ရာတွင် တံတားနှင့်အတူ အချင်း တစ်ပေခွဲရှိ ရေပိုက်လိုင်း(ဘယ်/ညာ) နှစ်လိုင်း ပါရှိမည်ဖြစ်ကြောင်း၊ တံတား၏ ရန်ကုန်ဘက်ခြမ်း ခြေဆင်းသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုန်းကြီးလမ်းထောင့် (သူနာပြုတက္ကသိုလ်ရှေ့)ဖြစ်ပြီး ဒလဘက်ခြမ်းတွင် ဗိုလ်ဥတ္တမလမ်းထိပ်ဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုမှာ သုံးနှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။ (ဒလ)တံတားတည်ဆောက်ခြင်းဖြင့် ဒေသအကျိုးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပွင့်လင်းလာမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ ဖျက်သိမ်းရမည့် အဆောက်အအုံများမှာလည်း တံတားစတင်သည်နှင့် ဖျက်သိမ်းပေးရန် အဆင်သင့်ရှိကြောင်း စီမံကိန်းဧရိယာအတွင်းရှိ နေထိုင်သူများထံမှ သိရသည်။

ထို့နောက် တက်ရောက်လာကြသူများက တံတားတည်ဆောက်ရေး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးမှရရှိသည့် သဘောထားစုစည်းချက်များကို (၁၈)ကြိမ်မြောက် UPDJC အစည်းအဝေးတွင် တင်သွင်းဆုံးဖြတ်မည်



**ရန်ကုန် နိုဝင်ဘာ ၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ဆက်လက်ကျင်းပခဲ့သည်။ **(ယာပုံ)**

**ဆုံးဖြတ်ချက်များ ပြုလုပ်သွားမည်**

နိုဝင်ဘာ ၁ ရက်နေ့မှ စတင်၍ သုံးရက်တာကျင်းပခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် မူဘောင် သဘောထားစုစည်းချက်များရရှိခဲ့ပြီး အဆိုပါစုစည်းချက်များကို (၁၈) ကြိမ် မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ဆုံးဖြတ်ချက်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို နိုဝင်ဘာလအတွင်း ပြုလုပ်ရန်ရည်ရွယ်ထားပြီး အဆိုပါ အစည်းအဝေး မတိုင်ခင် UPDJC အတွင်းရေးမှူး အစည်းအဝေးကိုလည်း ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံရေးပါတီအစုအဖွဲ့များ ကိုယ်စား ဦးမြင့်စိုး၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့ကိုယ်စား ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် အစိုးရ၊ တပ်မတော်ကိုယ်စား ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က အမှာစကားပြောကြားကြသည်။

နိုင်ငံရေးပါတီအစုအဖွဲ့များကိုယ်စား ဦးမြင့်စိုးက "နိုင်ငံရေး ဆွေးနွေးမှု မူဘောင်မှာ အဓိကကျတဲ့ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေးညီလာခံဆောင်ရွက်မှု ဒါတွေကို ဆွေးနွေးပြီး သေချာသုံးသပ်နိုင်ခဲ့ပါတယ်။ အဓိကက ဆွေးနွေးပွဲတွေမှာ အကျိုးရှိဆုံး UPDJC အစည်းအဝေးတွေကို နှစ်လ တစ်ကြိမ် ဆောင်ရွက်ဖို့၊ နောက်အတွင်းရေးမှူးအစည်းအဝေးကို တစ်လတစ်ကြိမ်ဆောင်ရွက်ဖို့ ဆိုတာကို UPDJC မှာ တင်ပြပြီးတော့ ဆောင်ရွက်ဖို့ ဆုံးဖြတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စား ပြောကြားလိုတာကတော့ ဒီနေ့ သုံးရက်တာကျင်းပတဲ့ အစည်းအဝေးဟာ လာမယ့်ငြိမ်းချမ်းရေး ညီလာခံဆောင်ရွက်မှုအပိုင်းမှာရော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ပါ စစ်မှန်တဲ့ ခြေလှမ်းပဲလို့ ပြောလို့ရပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်အောင် ကျွန်တော်တို့ UPDJC မှာ ဖွဲ့စည်းထားတဲ့ အတိုင်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တွေ အားလုံးပါဝင်ပူးပေါင်းပြီး တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်စေဖို့ တိုက်တွန်းပါတယ် "ဟု ပြောသည်။

**သဘောထားစုစည်းချက်တွေ ပိုလုပ်နိုင်**

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့အစည်းအဝေးရဲ့ အောင်မြင်မှု အကြီးမားဆုံးတစ်ခုကို တင်ပြချင်တာကတော့ အရင်က ကျွန်တော်တို့ ကျင့်သုံးတဲ့ ပုံစံက အောက်ခြေကနေ တက်လာတဲ့ ပုံစံကို ချဉ်းကပ်ပါတယ်။ လူထုတွေ့ဆုံပွဲတွေ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ပြီး အဲ့ဒီကနေ လုပ်ငန်းကော်မတီ၊ လုပ်ငန်းကော်မတီကနေ UPDJC ပုံစံနဲ့ အောက်ခြေကနေတက်လာတဲ့ ပုံစံကို ကျင့်သုံးခဲ့တာ များပါတယ်။ အခုကျွန်တော်တို့ လုပ်လာတဲ့ အတွေ့အကြုံအရ အဲဒီတစ်ခုတည်းနဲ့လုပ်လို့မရတော့ဘူး။ တကယ့်ထိပ်သီးခေါင်းဆောင်တွေ၊ အဆုံးအဖြတ်ပေးနိုင်တဲ့ခေါင်းဆောင်တွေ ပါဝင်ပတ်သက်မှု လိုလာတယ်။ အဲဒါမှ ကျွန်တော်တို့ ငြိမ်းချမ်းရေးမှာ ရလဒ်ကောင်းတွေ ထွက်နိုင်မယ်ဆိုတဲ့ စဉ်းစားချက်နဲ့ အခု ကျွန်တော် ပြင်ဆင်တဲ့ သဘောစုစည်းထားတဲ့ အရာတွေမှာ ထိပ်သီး ခေါင်းဆောင်တွေက ချပေးထားတဲ့ အပေါ်နဲ့အောက် ဆက်စပ်ပေးတဲ့ အခန်းကဏ္ဍတွေ အများကြီးပါဝင်လာတယ်။ ဒီနေ့ သုံးရက်တာကာလ ကျွန်တော်တို့ ပြင်ဆင်နိုင်တဲ့ သဘောထား စုစည်းလိုက်တဲ့ မူဘောင်အတိုင်း ကျွန်တော်တို့ ဆောင်ရွက် မယ်ဆိုရင်တော့ နောက်တစ်ခါကျင်းပမယ့် ညီလာခံကြီးမှာတော့ အရင်ကထက် ပိုပြီးသဘောတူနိုင်မယ်၊ သဘောထားစုစည်းချက်တွေပိုပြီး လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ဦးခင်ဇော်ဦးက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို သုံးသပ်လာတာ အကြိမ်ကြိမ်လည်းရှိခဲ့ပါပြီ။ အခု လက်တွေ့လုပ်လာနိုင်တဲ့ အနေအထားမျိုး ရောက်ရှိနေပါပြီ။ ဆက်လုပ်ကြည့်တဲ့အခါမှာ အဆင်မပြေလို့ လွဲချော်မှုတွေရှိရင် ကျွန်တော်တို့ ပြန်လည်သုံးသပ်မှုတွေ ထပ်လုပ်ဖို့ ရှိကောင်းရှိနိုင်ပါတယ်။ အခု ဆွေးနွေးချက်တွေ ယူသွားပြီးတဲ့အခါမှာ မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းခေါင်းဆောင်တွေကို တင်ပြပြီးရင်တော့ ဒီမူဘောင် သုံးသပ်ချက်ဟာ တော်တော်လေး အဆင်ချောသွားမယ့် အနေအထားရှိပါတယ်။ ဒီတစ်ခေါက်မှာလည်း NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကို ကျွန်တော်တို့ ဖိတ်ကြားခဲ့ပါတယ်။ ခရီးစဉ်ရက်တွေနဲ့ တိုက်ဆိုင်နေတဲ့အတွက်ကြောင့် သွားရေးလာရေး အဆင်မပြေမှုကြုံရတော့ တက်ရောက်နိုင်မှုမရှိကြောင်းကို လေးလေးစားစားနဲ့ အကြောင်းပြန်ကြားတာ တွေ့ရပါတယ်။ သေသေချာချာ အကြောင်းပြန်ကြားတာဟာ အပြုသဘော ဆောင်လာတယ်လို့ ပြောကြားလိုပါတယ်။ ဒီလို ပုံစံမျိုးနဲ့ ကျွန်တော်တို့တွေ ပူးပေါင်းဆောင်ရွက်မှု ကောင်းကောင်းနဲ့ ဆက်လက်ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ပိုပိုပြီး ရွေ့လာမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ဆွေးနွေးနိုင်ခဲ့**

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ် ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကိုယ်စားလှယ် ကိုးဦးနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ် ကိုးဦးတို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီလုပ်ငန်း လမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းလမ်းညွှန်နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးနိုင်ခဲ့ကြသည်။

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# ဓာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး "ရုပ်ရှင်နှင့် မြန်မာ့ဟန်" ခေါင်းစဉ်ဖြင့် လူငယ်ဓာတ်ညွှန်းဆရာများနှင့် ဒါရိုက်တာများဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဓာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကို ပထမအကြိမ်အဖြစ် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ စတင်ကျင်းပသည်။

ပထမအကြိမ်ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများအဖြစ် ဓာတ်ညွှန်းနှင့် ဒါရိုက်တာ Mနိုး ၊ ဓာတ်ညွှန်း Lမင်းပြည့်မွန်တို့က "ရုပ်ရှင်နှင့် မြန်မာ့ဟန်" ခေါင်းစဉ် ဖြင့် ဆွေးနွေးကြပြီး ဓာတ်ညွှန်းနှင့် ဒါရိုက်တာ သည်ခေတ်နေ၊ ဓာတ်ညွှန်း ဆူးခက်မင်းနှင့် ဇင်ကိုကို(M-MDB) တို့က ပါဝင်ဆွေးနွေးကြသည်။

**ရည်ရွယ်ချက်နဲ့ ပြုလုပ်**

ဓာတ်ညွှန်း L မင်းပြည့်မွန် က "ကျွန်တော်တို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ပတ်သက်ပြီး ဆွေးနွေးပွဲလေး လုပ်ကြမယ်လို့ တိုင်ပင်ကြတယ်။ ကျွန်တော်က အခန်းကဏ္ဍတစ်ခုကို တာဝန်ယူမယ်ဆိုပြီး လုပ်ခဲ့တယ်။ ဓာတ်ညွှန်းနဲ့ပတ်သက်တဲ့အပိုင်းကို ဦးဆောင်ပြီး လုပ်သွားမယ်။ နှစ်ပတ်ကိုတစ်ခါ စနေနေ့တိုင်း လုပ်သွားမယ်။ နောက်ပိုင်းလည်း ဆက်လုပ်သွားမယ်။ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက သွားမယ်။ ပင်မရေစီးကြောင်းထဲမှာရှိနေတဲ့ ဓာတ်ညွှန်းနဲ့ ပတ်သက်တဲ့ အခန်းကဏ္ဍတွေ ပိုပြီး တိုးတက်လာအောင်၊ ပိုကောင်းလာအောင် ကြိုးစားသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ" ဟု ပြောသည်။

ဓာတ်ညွှန်းနှင့် ဒါရိုက်တာ Mနိုး က "မြန်မာရုပ်ရှင် ဓာတ်ကားတွေမှာ မြန်မာမှု မြန်မာ့ဟန်ဆိုတာ အခုနောက်ပိုင်း ပျောက်နေပြီလား။ ဒါမှမဟုတ် ပြောင်းလဲသွားပြီလား။ ဒါမှမဟုတ်ရင် မရှိတော့တာလား။ ပြန်ရှာရဦးမှာလား။ ဆွေးနွေးအဖြေရှာမယ့် ပုံစံမျိုးလေးပေါ့။ ရုပ်ရှင်လောကက အခုဆိုရင် နည်းနည်းလေးပြန်ပြီး ထောင်လာစ ပြုလာတဲ့အချိန်ပေါ့။ စတော့ ထောင်လာပြီ၊ အဲဒီအရှိန်လေးက ကောင်းဖို့လိုတယ်။ စနစ်တကျလေး ဖြစ်ဖို့လိုတယ်။ အဲဒီတော့ ဒီလိုဆွေးနွေးပွဲတွေ များလေ ကောင်းလေပဲလို့ ကျွန်တော်မြင်တယ်။ မြန်မာ့ရုပ်ရှင်တွေမှာ မြန်မာမှု မြန်မာ့ဟန်တွေကို ဆွေးနွေးမယ်ဆိုတော့ ဓာတ်ညွှန်း၊ ဒါရိုက်တာမခွဲခြားထားဘူး၊ ဓာတ်ကားနဲ့ လိုက်လျောဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို ဆွေးနွေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ဓာတ်ညွှန်းနှင့် ဒါရိုက်တာ သည်ခေတ်နေက "ရုပ်ရှင်နှင့် မြန်မာ့ဟန်" ဆိုတဲ့ ခေါင်းစဉ်အတိုင်း အားလုံးဝိုင်းပြီးမြင်တာလေးတွေကို ဆွေးနွေးသွားမှာပါ။ ဒီဆွေးနွေးပွဲလေးကို ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ လုပ်ပေးတာပါ။ ဒီလိုဆွေးနွေးပွဲတွေ များများလုပ်ပေးမှ အားလုံး အမြင်လေးတွေ သင်ယူလေ့လာမှုတွေ တိုးပွားလာမယ်လို့ ကိုယ်တိုင်လည်းခံစားရလို့ပါ။ အရင်တုန်းက ဒီလိုဆွေးနွေးပွဲတွေ လုပ်ပေးတာ မရှိခဲ့ဘူး။ အခုဒီလိုလုပ်ပေးလို့ လုပ်ပေးတဲ့သူ၊ စီစဉ်ပေးတဲ့သူတွေကို အလွန်ကျေနပ်ရပါတယ်။ ကြည်နူးရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျှော်လင့်ပါတယ်" ဟု ပြောသည်။

**အများကြီးအကျိုးရှိ**

ဇင်ကိုကို(M-MDB) က ဒီနေ့ဆွေးနွေးပွဲက မြန်မာ့ရုပ်ရှင်မှာ ဟန် ရှိလား၊ မရှိ လား။ ရုပ်ရှင်မှာ ဓာတ်ညွှန်းပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ဆွေးနွေးကြမှာပါ။ အတော်ကို အရေးကြီးတယ်။ ဒီလိုပွဲမျိုးတွေလုပ်ပေးတဲ့အတွက် အားလုံးရဲ့ပေါင်းစပ်မှုတွေ ဖြစ်ပေါ် စေတာပေါ့။ အကျိုးရှိပါတယ်။ ဒီလိုပွဲမျိုးတွေ အမြဲရေရှည်လုပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ တချို့ အစီအစဉ်ကောင်းပေမယ့် နောက်ပိုင်း ပူးပေါင်းပါဝင်မှုနည်းတော့ မလုပ်ဖြစ်တာတွေ ရှိတာများတယ်လေ။ ဒီလို ရေရှည်လုပ်နိုင်မယ်ဆိုရင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အကျိုးရှိပါတယ်" ဟု ပြောသည်။

ဓာတ်ညွှန်း ဆူးခက်မင်းက "ဒီဆွေးနွေးပွဲမှာ ဦးဆောင်ဆွေးနွေးသူရဲ့ မေးခွန်းအပေါ်မှာမူတည်ပြီး ဆွေးနွေးပေးရမှာပါ။ ဓာတ်ညွှန်းဆရာတစ်ယောက်အနေနဲ့ အဓိက က ဓာတ်ညွှန်းနဲ့ ပတ်သက်ပြီးဆွေးနွေးသွားမှာ များတယ်။ ဓာတ်ညွှန်းရဲ့အခန်းကဏ္ဍက ရုပ်ရှင်ဓာတ်ကားတစ်ခုအတွက် အရေးကြီးတယ်။ ဒါပေမယ့် အဲဒါကို မေ့လျော့ထားသလို ဖြစ်နေတယ်။ တမင်မေ့ထားတာတော့ မဟုတ်ပါဘူး။ ဓာတ်ညွှန်းရေးတဲ့သူတွေကို လက်ချိုးရေတွက်လို့ရတယ်။ ဓာတ်ညွှန်းကောင်းတွေရေးနိုင်မယ့် ဓာတ်ညွှန်းဆရာတွေ ပေါ်ထွက်လာစေချင်ပါတယ်။ ဒီလိုမျိုး ဆွေးနွေးပွဲတွေလုပ်ပေးတာ တကယ်လည်း မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်ပါတယ်။ နောက်လည်း စဉ်ဆက်မပြတ် ဒီလိုပွဲမျိုးတွေ ရှိပေးသင့်ပါတယ်" ဟု ပြောသည်။

ဓာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် အဆိုပါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**



လူငယ်ဓာတ်ညွှန်းဆရာ၊ ဒါရိုက်တာများ၏ ဓာတ်ညွှန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် "ရုပ်ရှင်နှင့် မြန်မာ့ဟန်" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

◆ *ကျောဖုံးမှ*

ကောင်စီဝင်နှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါက်တာ ခင်ရွှေက နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ထိုင်း၊ မြန်မာ စသောပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

မြားပစ်ပြိုင်ပွဲများ ကျင်းပဖြစ်ပုံအကြောင်းကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟက “ကျွန်တော်တို့အနေနဲ့ ပြည်ပမှာထွက်ပြီး ပြိုင်ရတာထက် ပြည်တွင်းမှာ ပြိုင်ရတာကို ဦးစားပေးပြီးပြိုင်ဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အတွေ့အကြုံဆိုတာက အားကစားသမားတစ်ယောက်တည်းအတွက် လိုအပ်တာမဟုတ်ပါဘူး။ နည်းပြတွေ၊ အုပ်ချုပ်သူတွေ၊ ပွဲစီစဉ်သူတွေအတွက်လည်း အတွေ့အကြုံအများကြီးလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အခြေအနေပေးလို့ အရှေ့တောင်အာရှပွဲမျိုး ကြုံလာမယ်၊ ဒါမှမဟုတ် ဒီထက်မြင့်တဲ့ ပွဲမျိုးကြုံလာမယ်ဆိုရင် မလုပ်တတ် မကိုင်တတ် ဖြစ်နေမှာစိုးတဲ့အတွက် ဒါကိုလေ့ကျင့်ဖို့လိုတဲ့အတွက်ကြောင့် ပြည်တွင်းမှာ ပြိုင်ပွဲများများလုပ်ဖို့ စီစဉ်နေပါတယ်” ဟု ပြောကြားသည်။

အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ခုနစ်ကြိမ်ကျင်းပခဲ့သည့်အနက် တစ်ကြိမ်သာ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့ပြီး ကျန်ခြောက်ကြိမ်မှာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီး Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲတွင် တစ်ဦးချင်းမီတာ ၇၀၊ ၅၀ အမှတ်ပေး၊ တစ်ဦးချင်း ရှုံး/ထွက်၊ အသင်းလိုက် အမှတ်ပေး၊ အသင်းလိုက် ရှုံး/ထွက်၊ Mix Team အမှတ်ပေးနှင့် Mix Team ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ယခုကျင်းပသည့် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို နိုင်ငံပေါင်း ငါးနိုင်ငံမှ အားကစားသမား စုစုပေါင်း ၄၉ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အာကာစိုး**

# နမ့်ခမ်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖလား ကလပ်ပေါင်းစုံဘောလုံးဗိုလ်လုပွဲ ကျင်းပပြီးစီး

**နမ့်ခမ်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖလား ကလပ်ပေါင်းစုံ ဘောလုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂ ရက်က မန်းဟောင်းဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့ပြီး ချယ်ရီအားမာန်အသင်းနှင့် ဟုန်ဖောင့်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဟုန်ဖောင့်အသင်းက ချယ်ရီအားမာန်အသင်းကို ခုနစ်ဂိုး - ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ယင်းနောက် တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးကစားသမားဆုများနှင့် ဒုတိယဆုကို မြို့နယ်အားကစားအရာရှိ ဒေါ်နန်းစုစန္ဒာလွင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ဗိုလ်စွဲသွားသော ဟုန်ဖောင့်အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က တစ်ဦးချင်းအလိုက် ဆုတံဆိပ်ကိုလည်းကောင်း၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းတင်က ငွေသားဆုနှင့် ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ စတင်

**ရန်ကုန် နိုဝင်ဘာ ၃**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး Title Sponsor ဖြစ်သည့် 100 Plus (F & N Myanmar) မှ Country Manager Mr. Freddy Oh က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။



MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၁၇ ရက်အထိ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် မကွေး၊ ဧရာဝတီ၊ မွန်၊ ရှမ်း(တောင်)၊ ရန်ကုန်၊ အုပ်စု (ခ)တွင် ရှမ်း (မြောက်)၊ ကရင်၊ ချင်း၊ ပဲခူး၊ အုပ်စု (ဂ) တွင် ရှမ်း (အရှေ့)၊ ကချင်၊ ရခိုင်၊ စစ်ကိုင်း၊ အုပ်စု(ဃ)တွင် ကယား၊ တနင်္သာရီ၊ မန္တလေး၊ နေပြည်တော်အသင်းတို့ ပါဝင်နေသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မျိုးဆက်သစ်လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ပြိုင်ပွဲများ ကျင်းပပေးနေခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမားများကို မြန်မာ ယူ-၁၅ အသင်းတွင် ပဏာမလူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာခြင်းလုံး(လေးပေါက်တန်း)အမှတ်ခတ်ပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၃**

မျိုးဆက်သစ် ရိုးရာခြင်းလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရိုးရာခြင်းလုံးအမှတ်ခတ်ပြိုင်ပွဲကို လူအများ သိရှိနားလည်လာစေရန်အတွက် (၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံး(လေးပေါက်တန်း)အမှတ်ခတ် ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီ က ကရင်ပြည်နယ် ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရိုးရာခြင်းလုံး (လေးပေါက်တန်း)အမှတ်ခတ်ပြိုင်ပွဲဖွင့်ပွဲတွင် ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသက်စိုးထံ ပြိုင်ပွဲကျင်းပစရိတ် ထောက်ပံ့ငွေကျပ် ကိုးသိန်းကို ပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲဝင် ရိုးရာခြင်းလုံးအသင်းများအား လိုက်လံနှုတ်ဆက်သည်။

ရိုးရာခြင်းလုံး အမှတ်ခတ်ပြိုင်ပွဲ လေးပေါက်တန်း၊ ခြောက်ပေါက်တန်း၊ အမှတ်ခတ်၊ အလှခတ်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ရှစ်နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြိုင်ပွဲဝင် အသင်းပေါင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် တစ်ပိုင်းကို ငါးမိနစ် ကိုးပိုင်းယှဉ်ပြိုင်ရပြီး စုစုပေါင်း ၄၅ မိနစ်ကြာကြောင်း၊ ခေါ်ဒိုင်၊ စည်းကြပ်ဒိုင်၊ အချိန်ဒိုင်၊ အမှတ်ပေးဒိုင်ဟူ၍ ဒိုင်ငါးဦးထားရှိပြီး ခြင်းကြီး၊ ခြင်းလတ်၊ လက်ရွေးစင်ခြင်းခတ်နည်းများမှ လေးမျိုးစီ (လေးပေါက်တန်း) ယှဉ်ပြိုင်မှုအား အမှတ်ပေး၍ ခြင်းလုံးကို တန်ဖိုးထားစေလို၍ ကျမှတ်ကိုယူပြီး ရိုးရာခြင်းလုံးပုံစံအတိုင်း အမှတ်များကို ပြန်လည်နုတ်သွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရမှတ်များအလိုက် ပထမဆုကို ငွေကျပ် နှစ်သိန်း၊ ဒုတိယဆုကို ငွေကျပ် တစ်သိန်းခွဲ၊ တတိယဆုကို ငွေကျပ် တစ်သိန်းနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့ နံနက်ပိုင်းက ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် **အုပ်ချုပ်သူ** - ဦးကြည်မင်းသိန်း၊ **နည်းပြချုပ်** - ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ**- ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ** - ဦးထွန်းထွန်းလတ်၊ **ဂိုးသမား** - ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း၊ **ကစားသမား**- ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင် (၂)၊ ခင်ဇော်လင်း၊ ပြည့်ဖြိုးမောင် (၃)၊ လှိုင်မင်းထွန်း၊ ကိုကိုလွင်၊ ကောင်းချစ်သူ၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦးတို့ ပါဝင်ကြသည်။

အာဆီယံဖူဆယ်ပြိုင်ပွဲတွင် အသင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (က) တွင် မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်နေပြီး အုပ်စု (ခ) တွင် လက်ရှိချန်ပီယံထိုင်း၊ ဗီယက်နမ်၊ တီမောနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၅ ရက်တွင် အိမ်ရှင် အင်ဒိုနီးရှား၊ နိုဝင်ဘာ ၆ ရက်တွင် ကမ္ဘောဒီးယား၊ နိုဝင်ဘာ ၇ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

# မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ပထမအကြိမ် သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်ရှိ Grand Mercure Yangon Golden Empore ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယကများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဆပ်ကော်မတီ ၁၅ ခုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် နာယကများနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် ဆပ်ကော်မတီများ၏ ဥက္ကဋ္ဌများက မြန်မာနိုင်ငံဂေါက်သီးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးတင်ပြမှုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယကများ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**ဖိုးသော်ဇင်**

# မန်ယူအသင်း ပွဲပြီးခါနီးသွင်းဂိုးဖြင့် အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၃ ရက်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ဘုန်းမောက်နှင့် မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်း အနိုင်ရခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ဘုန်းမောက်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ဝီလ်ဆန်ကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည်မန်ယူအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မာတာ၊ မာရှယ်လ်နှင့် ဆန်ချက်ဇ်တို့ ပွဲထွက်လာသည်။ ပွဲစပြီး ပွဲချိန် ၁၁မိနစ်တွင် တိုက်စစ်မှူး ဝီလ်ဆန်က ဘုန်းမောက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၅မိနစ်တွင် ဆန်ချက်ဇ် ဖန်တီးမှုမှတစ်ဆင့် မာရှယ်လ်က မန်ယူအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ဒုတိယပိုင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ မိနစ်ကိုးဆယ်ပြည့်ချိန်ထိ အနိုင်ရလဒ်မပေါ်ခဲ့ဘဲ နာကျင်အချိန်ပို လေးမိနစ် ထပ်မံကစားခဲ့ရာ အချိန်ပို နှစ်မိနစ်တွင် ရက်ရှ်ဖို့ဒ်က မန်ယူအတွက်အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ဘုန်းမောက်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်အိမ်ကွင်း ခြောက်ပွဲယှဉ်ပြိုင်ခဲ့ရာ ပထမဦးဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မန်ယူအသင်း အဝေးကွင်းတွင် ယှဉ်ပြိုင်ခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီး ရခဲ့သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် လက်စတာက တစ်ဂိုး-ဂိုးမရှိဖြင့် ကာဒစ်ဖ်ကို အနိုင်ရခဲ့ပြီး အဲဗာတန်က သုံးဂိုး-တစ်ဂိုးဖြင့် ဘရိုက်တန်ကို အနိုင်ရခဲ့သည်။ နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့် ဝက်ဖို့ဒ်ကို အနိုင်ရခဲ့ပြီး ဝက်စ်ဟမ်းက လေးဂိုး-နှစ်ဂိုးဖြင့် ဘန်လေကို အနိုင်ရခဲ့သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၄-၁၁-၂၀၁၈(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "လိုရာဆုယူ ကော့ကသောင်ဂူ"
၈း၃၅ - တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ့်ကျွမ့်" (အပိုင်း-၁၂)
၉း၃၅ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၁း၀၀ - လုပစုံလင် အာဆီယံတစ်ခွင်
၁၁း၃၀ - BBC ခံစားကြည့် (မကွေး-ကျန်းမာရေးစောင့်ရှောက်မှု စကားဝိုင်း)
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်ဟန်ဆောင် မုန်းသူမို့လား" ညွန့်ဝင်း၊ ဒေစီကျော်ဝင်း (ဒါရိုက်တာ - ညွန့်ဝင်း)

**ညပိုင်း**

၁၆း၃၅ - "ဘောလုံးအားကစားနည်း အခြေခံနည်းစနစ်များ"
၁၇း၂၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၈၃)
၁၈း၂၀ - "အပ်ဖျားတစ်ထောက်" (အပိုင်း-၈)(ဇာတ်သိမ်း)
၁၈း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "မြိုင်မြို့မှ မနော၇မ္မာ ရွှေကျောင်းတော်ကြီးဆီသို့"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃၇)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "သာသနာထွန်းပြောင် ပြက္ခဒိန်ရွှေတောင်"
- "မေတ္တာအင်ကြင်းရဂုံနှင့် ငြိမ်းချမ်းရေးစကားဝိုင်း"
- ပြည်သူ့နီတိ "ညစောင့်"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ

# ကျိုင်းတုံမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က မူးယစ်ဆေးဝါးသတင်းအရ ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ဖူလိုင်ဟိုတယ်ရှေ့တွင် ဆိုင်ကယ်ဖြင့်တွေ့ရှိသူ စိုင်းလာ(ခ) အိုင်လန်ကိုစစ်မေးရာ ကျိုင်းတုံမြို့နယ် ဟွေကွယ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာရှိ ၎င်း၏နေအိမ်အနီးတွင် မူးယစ်ဆေးဝါးများ ဝှက်ထားကြောင်းသိရသဖြင့် နိုဝင်ဘာ ၂ ရက် နံနက် ၂နာရီတွင် စိုင်းလာ(ခ)အိုင်လန်၏နေအိမ်ဝန်းကျင်ကို ဝင်ရောက်ရှာဖွေရာ ခြံဝင်းထဲရှိ စပါးကျီအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀၀၊ ဘိန်းစိမ်း ၃၀၀ ဂရမ်၊ ဖော်ကျူနာမော်တော်ယာဉ်တစ်စီး၊ အမေရိကန်နိုင်ငံသုံးငွေတစ်ဒေါ်လာ၊ တရုတ်နိုင်ငံသုံးငွေယွမ် ၁၀၀၊ ကိုရီးယားနိုင်ငံသုံးငွေ ဝမ် ၁၀၀၀ နှင့် လာအိုနိုင်ငံသုံးငွေ ကစ်ပ် ၁၀၀၀၀ တို့ကိုသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စိုင်းလာ(ခ) အိုင်လန်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ချင်းတွင်းမြစ်အတွင်းမှ စက်လှေဖြင့် သယ်ဆောင်လာသော တရားမဝင်တမလန်းသစ်များကို ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိ

**မော်လိုက် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ချင်းတွင်းမြစ်အတွင်း တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ခရိုင်သစ်တောမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွဋ်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မော်လိုက်မြို့နယ် တွန်းပင်ကျွန်းအနောက်ဘက် ချင်းတွင်းမြစ်အတွင်း တရားမဝင် တမလန်းသစ်များ သယ်ဆောင်လာသော စက်လှေတစ်စင်းကို ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များ စောင့်ဆိုင်းနေစဉ် ချင်းတွင်းမြစ်ကြောင်းအတွင်း စက်လှေဖြင့်သယ်ဆောင်လာသော တရားမဝင်တမလန်းသစ် ၂၈ ချောင်း (၁ ဒသမ ၉၈၅၆) တန် နှင့်အတူ ယူးဝကျေးရွာနေ ဦးအောင်မျိုးချစ်၊ ဦးဇော်မိုင်း၊ ဦးကျော်သူဝင်း နှင့် ညောင်ပင်သာရပ်နေ ဦးခင်ဇော်တို့ကို ဖမ်းဆီးရမိခဲ့သည်။

မော်လိုက်မြို့နယ်တွင် တရားမဝင်သစ်များ သယ်ဆောင်မှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလအတွင်း ဖမ်းဆီးရမိမှုမှာ တရားမဝင်သစ်မျိုးစုံ တန် ၁၂၀ ရှိကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအုန်းလွင်ထံမှ သိရသည်။

**မော်လိုက်သားလေး**

# ထိုင်း - မြန်မာနယ်စပ် မဲဆောက်မြို့နယ်တွင် မြန်မာနိုင်ငံသား ၃၂၀ အဖမ်းခံရ

**ဗန်ကောက် နိုဝင်ဘာ ၃**

ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် မြန်မာနိုင်ငံသား အများစုနေထိုင်ကြသည့် ရပ်ကွက်ခြောက်နေရာကို ထိုင်းအာဏာပိုင်အဖွဲ့အစည်းများ ယမန်နေ့က ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြပြီး မြန်မာနိုင်ငံသား ၃၂၀ ဖမ်းဆီးအရေးယူခံရကြောင်း သိရသည်။

မဲဆောက် လူဝင်မှုကြီးကြပ်ရေး အမှတ် ၁၄ ခရီးသွားလာရေးရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ် ၃၄၄ တပ်ဖွဲ့ပူးပေါင်းအဖွဲ့ဖြင့် မဲဆောက်မြို့နယ်အတွင်း တရားမဝင်နိုင်ငံခြားသားကင်းစင်ရေး ညွှန်ကြားချက်ဖြင့် ယခုကဲ့သို့ နိုင်ငံခြားသားများကို ပိုက်စိပ်တိုက်ရှာဖွေ ရှင်းလင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ယခု ရပ်ကွက်ခြောက်ခုမှာ ဖမ်းဆီးခံခဲ့ရသည့် မြန်မာနိုင်ငံသား ၃၂၀ တွင် အထောက်အထားရှိသူများလည်း ပါဝင်လျက်ရှိကြောင်း၊ အထောက်အထား လက်မှတ်များ သေချာစွာစိစစ်ပြီး အထောက်အထားရှိသူများကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုင်း - မြန်မာ နယ်စပ် မဲဆောက်မြို့နယ်အတွင်း ဖောက်ထွင်းမှု၊ လောင်းကစား၊ မူးယစ်ဆေးနှင့် လူကုန်ကူးမှု စသည့် မှုခင်းဖြစ်စဉ် များလာနေခြင်းကို လျှော့ကျလာစေရန် စီမံချက်ဖြင့် ယခုကဲ့သို့ စစ်ဆေးမှုများတင်းကျပ်စွာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မြဝတီမြို့၌ လူသတ်မှုဖြင့်အလိုရှိသည့် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**မြဝတီ နိုဝင်ဘာ ၃**

ကရင်ပြည်နယ် မြဝတီမြို့၌ လူသတ်မှုဖြင့်အလိုရှိသည့် တရားခံပြေးတစ်ဦးအား နိုဝင်ဘာ ၂ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ည ၈ နာရီခန့်က မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်ချမ်းမွန် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် မြဝတီ-မဲ့ထော်သလေးသွား ကားလမ်းပေါ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့ ပေါင်မြို့မရဲစခန်းက အလိုရှိသည့် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးနေသူ လချင်းမနား(ခ)မောင်ငယ် (၂၈ နှစ်) သဲကုန်းကျေးရွာ ပေါင်မြို့နယ်နေသူကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ၂၀၁၆ ခုနှစ်က ပေါင်မြို့နယ် သဲကုန်းကျေးရွာတွင် ကြက်တစ်ကောင်ခိုးစားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ တစ်ရွာတည်းနေ အမျိုးသားတစ်ဦးကို ကျောက်ခဲဖြင့် ထုသတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လချင်းမနား(ခ) မောင်ငယ်ကို သက်ဆိုင်ရာ ပေါင်မြို့မရဲစခန်းသို့ လွှဲပြောင်းနိုင်ရေး ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မိုးနဲမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးနဲ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ကင်တုံကျေးရွာနေ လုတင်(ခ)အိုက်မိန်၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် မင်းပိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၃ ရက်က သွားရောက် ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ငွေစက္ကူရောရာ ၁၅၀၀၀ တို့ကို သိမ်းဆည်း ရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ လုတင်(ခ) အိုက်မိန်း (၅၅ နှစ်)ကို ဥပဒေအရ အရေးယူထားကြောင်း မိုးနဲမြို့မရဲစခန်းမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ဆီဆိုင်မြို့နယ်၌ ဘိန်းခင်းများ ဖျက်ဆီး

**ဆီဆိုင် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ပင်ညိုးကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော အမြင့် တစ်ပေခွဲခန့် ဖူးပွင့်ဆဲ ဘိန်းခင်း ၁၀ ဧကနှင့် အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းခင်း လေးဧကတို့ကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ထီလုံးဆူကျေးရွာနှင့် ပင်ညိုးကျေးရွာမှ ရွာသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြက်ဖြတ်စက် သုံးလုံး၊ ဓားကောက် ၁၀ လက်တို့နှင့်အတူ စိုက်ပျိုးထားသော ဖူးပွင့်ဆဲဘိန်းခင်းများကို စုပေါင်းဖျက်ဆီးရှင်းလင်းခဲ့သည်။

ဘိန်းခင်းများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့ပိုင်နယ်မြေအတွင်း စုစုပေါင်း ဘိန်းခင်း ၅၄ ဧက ဖျက်ဆီးရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ရေကြည်မြို့နယ်၌ ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့ ဗထူးရပ်ကွက် အောင်ဆန်းမြို့ပတ်လမ်းတွင် နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဦးစိန်ဝင်း (၇၀ နှစ်)သည် နေအိမ်၌ ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်ခဲ့သောကြောင့် နေအိမ်တစ်လုံး၊ ဂိုဒေါင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးစိန်ဝင်းကို ရေကြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူစစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေးရာမှ ပိတောက်ခားရွေများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၅ စီး၊ သွင်းကုန် ၃၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၀၂ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၀၄ သန်း စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၀၀၆ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂ ရက်တွင် လားရှိုးနှင့် ရေပူအကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ရေပူရွာအနီး ၁၉၈ မိုင် ၁ ဖာလုံအနီး၌ ရပ်တန့်ထားသော Toyota Ipsum ယာဉ်တစ်စီးနှင့် Super Customs ယာဉ်တစ်စီးတို့ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၂ ဒသမ ၀၆၂၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆၈၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်များ။

# အကြမ်းဖက်မှုများကို ရှောင်ရှားရန် ကတိပြုထားသော်လည်း ဂါဇာ၌ အခြေအနေများ တင်းမာလျက်ရှိ

ဂါဇာ နိုဝင်ဘာ ၃

**ဂါဇာဒေသမြောက်ပိုင်းမှ အစ္စရေးတောင်ပိုင်းသို့ မီးလောင်ဘောလုံးများကို ပါလက်စတိုင်းများက ပစ်သွင်းခဲ့ကြသည်ဟု မျက်မြင်သက်သေများနှင့် ဒေသတွင်း မီဒီယာများက သောကြာနေ့တွင် ဖော်ပြကြသည်။**


ဂါဇာ - အစ္စရေးနယ်စပ်တွင် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားနေသော ပါလက်စတိုင်းဆန္ဒပြသူများကို နိုဝင်ဘာ ၂ ရက်က တွေ့ရစဉ်။

အစ္စရေးနယ်စပ်ခြံစည်းရိုးနှင့် ကပ်နေသော ဂါဇာအရှေ့ပိုင်းတွင်လည်း သောကြာနေ့မွန်းလွဲပိုင်းတွင် ပါလက်စတိုင်းဆန္ဒပြသူများ ထောင်နှင့်ချီ၍ စုဝေးခဲ့ကြကြောင်း၊ ထို့နောက်တာယာများကို မီးရှို့ခဲ့ကြကြောင်း မျက်မြင်သက်သေများကပြောသည်။ နယ်စပ်တွင် တာဝန်ကျနေကြသော အစ္စရေးလုံခြုံရေး တပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ခြောက်လှန့်ပစ်ခတ်ခဲ့ကြသည်။ ဂါဇာဒေသရှိ ပါလက်စတိုင်း ဆန္ဒပြသူများ၏ ပြန်လည်ချီတက်ခြင်း ဆန္ဒပြပွဲကြီး အရှိန်တက်လာချိန် ရက်ပေါင်း ၃၂ ရက်အကြာတွင် ဆန္ဒပြသူများသည် အစ္စရေးနယ်စပ်နှင့် ထိစပ်နေသော ဂါဇာဒေသအရှေ့ပိုင်းရှိ နေရာငါးနေရာတွင် နယ်စပ်စည်းရိုးကို ချိုးဖျက်ရန် ကြိုးစားကြသည်။ ကော်မရှင်ကမူ ပါလက်စတိုင်း ဆန္ဒပြသူများကို ဆန္ဒပြပွဲများတွင် ငြိမ်းချမ်းစွာ ပါဝင်ကြရန်၊ အစ္စရေးနယ်စပ်ကို ချဉ်းကပ်ခြင်းများ မပြုရန် သတိပေးထားသည်။ ဟားမားစ်ခေါင်းဆောင်များအပါအဝင် ပါလက်စတိုင်း ခေါင်းဆောင်များသည် ချီတက်ပွဲနည်းဗျူဟာကို တစ်မျိုးတစ်မည် ပြောင်းလဲမှုရတော့မည်ဟု အလေးအနက်ထား ပြောကြားလာသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ဂါဇာဒေသတွင် အီဂျစ်လုံခြုံရေး ထောက်လှမ်းရေး အေဂျင်စီများနှင့် တွေ့ဆုံမှုအပြီး ယခုကဲ့သို့ မှတ်ချက်များ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဂါဇာဒေသတွင် အစ္စရေးနှင့် ပဋိပက္ခများ ဖြစ်ပွားခြင်းမှ ဖြေလျှော့နိုင်ရေး အစ္စရေး- ဂါဇာနယ်စပ်တွင် အကြမ်းဖက်မှုများကို ရှောင်ရှားနိုင်ရေး အီဂျစ်မှ ကိုယ်စားလှယ်အဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ပါလက်စတိုင်း တက်ကြွလှုပ်ရှားသူများ၊ ဆန့်ကျင်သူများသည် အစ္စရေး ဘက်သို့ အစ္စရေး ဗုံးများဖြင့် ပစ်ပေါက်ခြင်း၊ အစ္စရေး တပ်ဖွဲ့ဝင်များ ရှိရာဘက်သို့ ဗုံးများ ပစ်သွင်းခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု မျက်မြင်သက်သေများက ပြောသည်။

**ဆင်ဟွာ**

# ပါကစ္စတန်ဝန်ကြီးချုပ်နှင့် တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံ

**ပေကျင်း နိုဝင်ဘာ ၃**

ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခန်းသည် တရုတ်ဝန်ကြီးချုပ် လီခချန်နှင့် ပေကျင်း၌ စနေနေ့က တွေ့ဆုံခဲ့သည်။

ဝန်ကြီးချုပ် အင်မရန်ခန်းသည် ပါကစ္စတန်၌ လက်ရှိကြုံတွေ့နေရသော ဘဏ္ဍာရေး အကျပ်အတည်းများကို ကျော်လွှားနိုင်ရေး ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံထံမှ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများ ရရှိရန် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်၏အရင်းနှီးဆုံး မဟာမိတ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ မသွားရောက်မီကလည်း ပါကစ္စတန်သည် ဆော်ဒီအာရေဗျထံမှ ငွေကြေးအကူအညီ ၆ ဘီလီယံရရှိခဲ့ပြီးနောက် အခြားသော နိုင်ငံနှစ်နိုင်ငံဆီမှလည်း ငွေကြေးအကူအညီများရရန် ကြိုးပမ်းလျက်ရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းက ပြောသည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့်လည်း ဆွေးနွေးမှုများပြုခဲ့ကြောင်း ပြောခဲ့သည်။


ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်တို့ တွေ့ဆုံစဉ်။

တရုတ်နိုင်ငံသည် ပါကစ္စတန်တွင် အကြီးဆုံးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာနိုင်ငံဖြစ်ပြီး တရုတ် - ပါကစ္စတန် စီးပွားရေးစင်္ကြံကိုလည်း တည်ဆောက်ထားပြီး ဒေါ်လာဘီလီယံနှင့်ချီ တန်ဖိုးရှိသည့် အခြားသော စီမံကိန်းများလည်းရှိသည်။

တရုတ်- ပါကစ္စတန် စီးပွားရေးစင်္ကြံသည် တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဒေသနှင့် အာရေဗျပင်လယ်မှတစ်ဆင့် ပါကစ္စတန်သို့ ချိတ်ဆက်မည့် သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် အဆင့်တိုးမြှင့်ရန် ရည်ရွယ်ထားသည်။

တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ်သည် မစ္စတာ လီခချန်ကို ပါကစ္စတန်သို့ အလည်အပတ်လာရောက်ရန် အပြန်အလှန်အားဖြင့် ဖိတ်ခေါ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အီရန်မှရေနံတင်သွင်းခွင့် ဂျပန်ကို ယာယီပေးထား

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် အီရန်မှအခြားနိုင်ငံများသို့ ရေနံတင်ပို့ခွင့်ကို ပိတ်ပင်ခဲ့သည်။ အီရန်နိုင်ငံမှ ရေနံများ မဝယ်ယူကြရန် အခြားသောနိုင်ငံများကို သတိပေးမှုများ ပြုလုပ်ခဲ့သော်လည်း ဂျပန်နိုင်ငံကိုမူ အီရန်မှ ရေနံဆက်လက်တင်သွင်းခွင့် ယာယီခွင့်ပြုပေးခဲ့သည်ဟု ဂျပန်အစိုးရနှင့်ရင်းနှီးသည့် အသိုင်းအဝိုင်းက အင်န်အိတ်ချ်ကေသို့ ပြောသည်။ တနင်္လာနေ့မှစတင်ကာ အမေရိကန်သည် အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်ဆောင်ရွက်တော့မည်ဖြစ်သည်။

အမေရိကန်သည် အီရန်နှင့်ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့ ချုပ်ဆိုထားသော အီရန်နျူကလီးယားစာချုပ်မှ နုတ်ထွက်ခဲ့ပြီးနောက် အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်လုပ်ဆောင်ခဲ့သည်။ အခြားသောနိုင်ငံများကိုလည်း အီရန်မှ ရေနံမဝယ်ယူကြရန် တိုက်တွန်းမှုများ ပြုလုပ်ခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဂျပန်အပါအဝင် အခြားသောနိုင်ငံ ခုနစ်နိုင်ငံကို သက်ညှာခွင့်ပေးထားကြောင်း၊ ထို့ကြောင့် အီရန်မှရေနံကို ဆက်လက်တင်သွင်းခွင့် ရရှိလိမ့်မည်ဟု သောကြာနေ့က ကြေညာခဲ့သည်။

ဂျပန်အာဏာပိုင်များသည် ပြီးခဲ့သည့်ဇွန်လမှစတင်ကာ အီရန်မှ ရေနံတင်သွင်းခွင့် ဆက်လက်ရရှိရေး အမေရိကန်ကို မေတ္တာရပ်ခံခဲ့သည်။ ပြီးခဲ့သည့်စက်တင်ဘာလတွင်းကလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့ တွေ့ဆုံပြီး အကယ်၍ ဂျပန်နိုင်ငံ၏ သွင်းကုန်များကို ပိတ်ဆို့မှုများ ပြုလုပ်ပါက ဂျပန်နိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေလိမ့်မည်ဟု ပြောဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# ကတ်တလန်ခွဲထွက်ရေးသမားများအပေါ် ထောင်ဒဏ် ၂၅ နှစ်အထိ ချမှတ်နိုင်ရေးဆောင်ရွက်

**ဘာစီလိုနာ နိုဝင်ဘာ ၃**

စပိန်အစိုးရရှေ့နေများသည် ကတ်တလန်ခွဲထွက်ရေးသမားများကို ထောင်ဒဏ်၂၅ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ရန်နှင့် လွန်ခဲ့သောနှစ်က ဖြစ်ပွားခဲ့သော ခွဲထွက်ရန်ကြိုးပမ်းမှုတွင် ပြည်သူ့ရန်ပုံငွေများကို အလွဲသုံးမှုဖြင့် ပြစ်ဒဏ်ချမှတ်နိုင်ရေး တောင်းဆိုနေကြသည်။

စပိန်နိုင်ငံတော် တရားရုံးချုပ်၌ စစ်ဆေးမည့် တရားခွင်တွင် အစိုးရရှေ့နေများက ခွဲထွက်ရေးခေါင်းဆောင် ၁၂ ဦးကို ထောင်ဒဏ်ခုနစ်နှစ်မှ ၂၅ နှစ်ထိ ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ ကတ်တလန် ဒုတိယဥက္ကဋ္ဌဟောင်း အော်ရီယိုဂျန်ကွဲရပ်စ်အပေါ် ပြစ်ဒဏ်ချမှတ်နိုင်ရေးလည်း ဆောင်ရွက်နေကြသည်။

သို့သော် စပိန်ဆိုရှယ်လစ် အစိုးရက ယင်းကိစ္စကို သဘောမတူခဲ့ပေ။ ရှေ့နေရုံးချုပ်ကလည်း မစ္စတာ အော်ရီယိုဂျန်ကွဲရပ်စ်အပေါ် ထောင်ဒဏ် ၁၂ နှစ် ချမှတ်သွားရန် တောင်းဆိုထားသည်ဟု ကြေညာခဲ့ပြီး ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးမှုနှင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုတို့ဖြင့် စွပ်စွဲထားသည်။ ကတ်တလန် ခွဲထွက်ရေးသမားများအတွက် ရုံးတင်စစ်ဆေးမှုကို ၂၀၁၉ အစောပိုင်းတွင် စတင်ရန် စီစဉ်ထားသည်။

ကတ်တလန်ခေါင်းဆောင်များသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလက စပိန်နိုင်ငံမှ ခွဲထွက်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ပြီး တစ်နှစ်အကြာ ခွဲထွက်ရေးခေါင်းဆောင်များကို ရုံးတင်စစ်ဆေးရန် ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။

ကတ်တလန် ခေါင်းဆောင်များမှ ခွဲထွက်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ပြီး လွတ်လပ်ရေးကြေညာခဲ့သည့်နောက် စပိန်ဗဟိုအစိုးရသည် ကတ်တလန်ပါလီမန်ဥက္ကဋ္ဌကို ဖြုတ်ချခဲ့ပြီး ဒေသတွင်း ပါလီမန်ကို ဖျက်သိမ်းခဲ့သည်။

ထို့နောက် ဒီဇင်ဘာလတွင် ပါလီမန် အသစ် ပြန်ခေါ်ခဲ့သည်။ ထိုအခါ ခွဲထွက်ရန် ကြိုးစားခဲ့သောပါလီမန်ဥက္ကဋ္ဌ ချားပူဒီမောင့် အပါအဝင် အခြားသော ခေါင်းဆောင်များသည် ပြည်ပသို့ ထွက်ပြေးခဲ့ကြသည်။

သို့သော် ဒုတိယဥက္ကဋ္ဌ အော်ရီယိုဂျန်ကွဲရပ်စ်နှင့် ခွဲထွက်ရေးကြိုးပမ်းခဲ့ကြသော ခေါင်းဆောင်အချို့မှာမူ ပြည်တွင်း၌ပင် ဖမ်းဆီးခံရသည်။ နှစ်ပေါင်းများစွာ လူများကို ချုပ်နှောင်ထားနိုင်သော်လည်း ခွဲထွက်ပြီးလွတ်လပ် ရေးရလိုသည့်စိတ်ကိုမူ ချိုးနှိမ်၍ မထားနိုင်ကြောင်း အော်ရီယိုဂျန်ကွဲရပ်စ်က ကြာသပတေးနေ့တွင် ပြောသည်။


ဘာစီလိုနာ၌ ကတ်တလန်ခွဲထွက်ရေးအတွက် ဆန္ဒပြသူများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။

အော်ရီယိုဂျန်ကွဲရပ်စ်အပြင် အခြားသော အရေးပါသည့် ခေါင်းဆောင်နှစ်ဦးတို့ကိုလည်း အစိုးရရှေ့နေများက ထောင်ဒဏ် ၁၇ နှစ်ပြစ်ဒဏ် ချမှတ်ပေးလိုသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာမေးနီးယားတွင် ကြားဖြတ် ရွေးကောက်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည်

**အာမေးနီးယား နိုဝင်ဘာ ၃**

အာမေးနီးယားနိုင်ငံတွင် ကြားဖြတ် ပါလီမန်ရွေးကောက်ပွဲကို ဒီဇင်ဘာ ၉ ရက်နေ့တွင်ကျင်းပမည်ဟု အာမေးနီးယားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်က သောကြာနေ့တွင်ကြေညာခဲ့သည်။ ဗဟိုရွေးကောက်ပွဲ ကော်မရှင်၏အဆုံးအဖြတ်အရ ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများကို နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၇ ရက်ထိ ပြုလုပ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ကျင်းပခဲ့သော အောက်လွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ်အတွက် မဲပေးမှုများမှာ ဒုတိယအကြိမ် မအောင်မမြင် ဖြစ်ခဲ့ရပြီးနောက် အခုကဲ့သို့ ရွေးကောက်ပွဲအသစ် ပြုလုပ်ရန်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

အာမေးနီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်နုတ်ထွက်ပြီးနောက် ၁၄ ရက်အတွင်း ဝန်ကြီးချုပ်အသစ်ရွေးချယ်မှု နှစ်ကြိမ်တိုင်တိုင် မအောင်မမြင်ဖြစ်ခဲ့ရလျှင် ရက်ပေါင်း ၃၀ မှ ၄၅ ရက်အတွင်း ပါလီမန်ရွေးကောက်ပွဲအသစ် ကျင်းပရမည်ဖြစ်သည်။

အာမေးနီးယားဝန်ကြီးချုပ် နစ်ကိုးပတ်ရှင်းယန်သည် အောက်တိုဘာ ၁၆ ရက်တွင်ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ပါလီမန်ခေါ်ပြီး ဝန်ကြီးချုပ်အသစ် ရွေးချယ်ရန် ကြိုးပမ်းခဲ့သည်။ **ဆင်ဟွာ**

### တူနီးရှားနိုင်ငံ၏ အကြမ်းဖက်နှိမ်နင်းမှုများကို နယ်သာလန်နိုင်ငံက အကူအညီပေး

**တူနီးရှား နိုဝင်ဘာ ၃**

တူနီးရှားနိုင်ငံသည် ယူရို ၂ ဒသမ ၈ ဘီလီယံကို အကြမ်းဖက်သမားများနှင့် အစွန်းရောက်သမားများကို နှိမ်နင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် နယ်သာလန်နိုင်ငံထံမှ လက်ခံရရှိမည်ဖြစ်ကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး Stef Blok က ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

တူနီးရှား နိုင်ငံခြားရေးဝန်ကြီး Khemaies Jhinoui ၏ ဖိတ်ကြားမှုအရ ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး Blok တူနီးရှားနိုင်ငံသို့ တရားဝင်အလည်ပတ်ခရီးသွားရောက်လျက်ရှိသည်။ ထိုခရီးစဉ်အတွင်း မစ္စတာ Blok က နယ်သာလန်သည် တူနီးရှားနိုင်ငံ၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကုန်သွယ်မှုနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များတွင် ကူညီထောက်ပံ့မှုများ ပြုလုပ်သွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တူနီးရှားနိုင်ငံတွင် အလုပ်လက်မဲ့ပမာဏလျော့နည်းလာရေး၊ ဒေသတွင်းတည်ငြိမ်မှုရရှိရေး၊ စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးတို့တွင်လည်း ကူညီသွားရန်နယ်သာလန်က စိတ်ဝင်စားလျက်ရှိကြောင်း မစ္စတာ Blok က ဆက်ပြောသည်။ **ဆင်ဟွာ**

# ယီမင်စစ်ပွဲအဆုံးသတ်ဖို့ အမေရိကန်နဲ့ဗြိတိန်တို့ တကယ်ပဲဖိအားပေးနိုင်ပါ့မလား

**ချူးစန္ဒီဌေး**



ယီမင်စစ်ပွဲအတွင်း ဒဏ်ရာရရှိလာသော ယီမင်တိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတို့ဟာ ဆော်ဒီအာရေဗျကို အဓိက လက်နက်တင်ပို့နေတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဆော်ဒီဟာ ယီမင်စစ်ပွဲမှာ ပါဝင်လာတာ သုံးနှစ်ခွဲခန့်ရှိလာပြီဖြစ်ပြီး ယီမင်နိုင်ငံဟာလည်း မွဲပြာကျသထက် ကျလာပါတယ်။

ဒ့ါအပြင် ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘာဝဘေးတစ်ခု ဖြစ်လာခဲ့ပါတော့တယ်။

**ကံကြမ္မာတစ်ဆစ်ချိုး**

ဒါပေမယ့် ကံကြမ္မာတစ်ဆစ်ချိုး ရောက်ခဲ့ပါတယ်။ ဆော်ဒီဘက်ကအမြဲရှိနေခဲ့တဲ့ အမေရိကန်ဟာ အခုအခါမှာတော့ ယီမင်စစ်ပွဲကိုအဆုံးသတ်ဖို့ ဖိအားပေးမှုတွေ စတင်လာပါပြီ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်တို့ဟာ ယီမင်စစ်ပွဲတွေ ရပ်နားထားဖို့ တောင်းဆိုလိုက်ပါတယ်။

ဒါတင်မကသေးပါဘူး အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဟာလည်း ယီမင်စစ်ပွဲအဆုံးသတ်ဖို့ အဆိုပြုခဲ့ပါတယ်။ ဒီလိုတောင်းဆိုမှုတွေဘာကြောင့်ထွက်ပေါ်လာရတာပါလဲ။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဟာ ယီမင်မှာ ဗုံးကြဲတိုက်ခိုက်မှုတွေ ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့တဲ့ဖြစ်ရပ်တွေကြောင့်ရယ်၊ နောက်ပြီး ပိုပြီးသိသာထင်ရှားသွားတာကတော့ ဆော်ဒီဝေဖန်ရေးသတင်းစာဆရာ ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုတို့ကြောင့်ပါပဲ။ ဒီဖြစ်ရပ်တွေကြောင့် ဆော်ဒီအပေါ်မှာ ပိုပြီးဖိအားတွေ များလာခဲ့ပါတော့တယ်။

**အရပ်သားများစွာ သေကျေပျက်စီးခဲ့ရ**

သုံးနှစ်ခွဲကျော်ကြာ ယီမင်ပဋိပက္ခမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေရဲ့ တရစပ် ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် အရပ်သားများစွာသေကျေပျက်စီးခဲ့ရပါတယ်။

ယီမင်နိုင်ငံဟာလည်း အာရပ်ကမ္ဘာရဲ့အဆင်းရဲဆုံး တိုင်းပြည်တစ်ခု ဖြစ်လာခဲ့ပါတယ်။ “အခုအချိန်ဟာ စစ်ပွဲတွေအားလုံး ရပ်တန့်လိုက်ရတော့မယ့်အချိန်ပါပဲ၊ ပဋိပက္ခတွေအစား ဆွေးနွေးညှိနှိုင်းမှုတွေနဲ့ စတင်ရတော့မယ့်အချိန်ပါပဲ၊ နောက်ပြီးတော့ ယီမင်ပြည်သူတွေဟာ ငြိမ်းချမ်းရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတို့နဲ့ ထိတွေ့ရတော့မယ့်အချိန်ပါပဲ” လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အင်္ဂါနေ့ညက ထုတ်ပြန်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**နှစ်ဖက်စလုံးမှအပစ်အခတ်ရပ်ဖို့တောင်းဆို**

ဆော်ဒီဘက်က ပစ်ခတ်မှုတွေမပြုလုပ်တော့ဖို့ မိုက်ပွန်ပီအိုက တောင်းဆိုထားသလို ဟူသီသူပုန်တွေဘက်ကိုလည်း တောင်းဆိုမှုတစ်ခုပြုထားပါတယ်။ အဲဒါကတော့ ဟူသီသူပုန်တွေအနေနဲ့ ဆော်ဒီနဲ့ ယူအေအီးတို့ဘက်ကို ပစ်ခတ်မှုတွေ ဆက်မလုပ်တော့ဖို့ တောင်းဆိုခဲ့တာပဲ ဖြစ်ပါတယ်။

ပဋိပက္ခဖြစ်နေတဲ့ နှစ်ဖက်စလုံးက အပစ်အခတ် ရပ်စဲထားမှ ငြိမ်းချမ်းရေးအတွက် ဆက်လက် ဆွေးနွေးလို့ရမှာပါ။ ဆော်ဒီနဲ့ယူအေအီးနိုင်ငံတို့ဟာ ယီမင်နိုင်ငံရဲ့လူဦးရေထူထပ်တဲ့နေရာတွေမှာ ဗုံးကြဲတိုက်ခိုက်မှုတွေ ဆက်မလုပ်တော့ဖို့ မိုက်ပွန်ပီအိုက တောင်းဆိုခဲ့ပါတယ်။

**အကြိမ်ကြိမ်ပျက်ခဲ့ရသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှု**

ယီမင်မှာ ဆော်ဒီက ကျောထောက်နောက်ခံပြုထားတဲ့ ယီမင်အစိုးရတပ်နဲ့ အီရန်က ကျောထောက်နောက်ခံ ပြုထားတဲ့ဟူသီသူပုန်တို့ကြား တိုက်ပွဲတွေရပ်ဖို့၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြုလုပ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် ပျက်ပြားခဲ့ရတာချည်းပါပဲ။ ဒါပေမယ့်လည်း ဆော်ဒီရဲ့အရင်းနှီးဆုံး မဟာမိတ်နိုင်ငံလို့ သတ်မှတ်ထားရမယ့် အမေရိကန်ကိုယ်တိုင်က စစ်ပွဲတွေရပ်ဖို့ ဖိအားပေးလာပြီဆိုရင်တော့ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာရှိလာလိမ့်မယ်လို့ မျှော်လင့်လို့ရလာပါပြီ။

**ဆက်ဆံရေးစတင် အေးစက်လာ**

ဆော်ဒီဟာအရှေ့အလယ်ပိုင်း ဒေသမှာတော့ အမေရိကန်ရဲ့အရင်းနှီးဆုံးမဟာမိတ်ပါ။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့လအတွင်း ဝါရှင်တန်ပို့စ်သတင်းစာက ဝေဖန်ရေးစာရေးဆရာ ဂျမားလ်ခါရှော့ဂီ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့က ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံရတဲ့အခါမှာတော့ အမေရိကန်ပြည်ထောင်စုနဲ့ ဆော်ဒီတို့ကြား ဆက်ဆံရေးဟာ စတင် အေးစက်လာခဲ့ပါတော့တယ်။

မစ္စတာခါရှော့ဂီ အသတ်ခံရမှုမှာ ပါဝင်နေသူတွေဟာ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ ရင်းနှီးသူတွေပါ။ ဆော်ဒီအိမ်ရှေ့မင်းသားဆိုတာကလည်း အီရန်ကို နှိပ်ကွပ်ဖို့အတွက် ထရမ့်အစိုးရအဖွဲ့ရဲ့ အသက်ဝင်တဲ့ မဟာမိတ်ဖြစ်တဲ့အပြင် ယီမင်စစ်ပွဲကို အဓိက ခြယ်လှယ်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။

**အမေရိကန်ကဖိအားပေးလာ**

ယီမင်မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဆိုးရွားဆုံးပြဿနာတွေ ဖြစ်လာရတဲ့အတွက် ဆော်ဒီကို အပြည်ပြည်ဆိုင်ရာက အပြစ်မြင်နေတဲ့အချိန် မစ္စတာ ခါရှော့ဂီ အသတ်ခံရမှုပါ တိုးလာတော့ အမေရိကန်လွှတ်တော်ဟာ ထရမ့်အစိုးရအဖွဲ့ကို ဆော်ဒီကို အရေးယူမှုတွေ ပြုလုပ်ဖို့အတွက် ဖိအားပေးလာပါတော့တယ်။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာပဲ ရီပတ်ဘလီစ်ကန် အမတ်ငါးဦးဟာ ဆော်ဒီနဲ့အတူ ပြုလုပ်နေတဲ့ နျူကလီးယားဆွေးနွေးပွဲကို ဆက်မလုပ်တော့ဖို့ သမ္မတ ထရမ့်ထံ တောင်းဆိုခဲ့ပါတယ်။

လွှတ်တော်က ဆော်ဒီအပေါ် အမျက်ထွက်လာတဲ့အခါမှာတော့ အမေရိကန်အစိုးရဟာလည်း ယီမင်စစ်ပွဲမှာ ဆော်ဒီရဲ့ပါဝင်မှုတွေ ရပ်တန့်လာဖို့ အဆိုပြုချက်တွေ ထွက်ပေါ်လာပါတော့တယ်။

> “ ဆော်ဒီဟာအရှေ့အလယ်ပိုင်းဒေသမှာတော့ အမေရိကန်ရဲ့ အရင်းနှီးဆုံး မဟာမိတ်ပါ။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့လအတွင်း ဝါရှင်တန်ပို့စ်သတင်းစာက ဝေဖန်ရေးစာရေးဆရာ ဂျမားလ်ခါရှော့ဂီ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့က ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံရတဲ့အခါမှာတော့ အမေရိကန်ပြည်ထောင်စုနဲ့ ဆော်ဒီတို့ကြား ဆက်ဆံရေးဟာ စတင်အေးစက်လာခဲ့ပါတော့တယ် ”

**ဆော်ဒီအပေါ်ထောက်ထားရမည့်အချက်များ**

ယီမင်စစ်ပွဲ ရပ်တန့်ဖို့အတွက် အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ တောင်းဆိုမှုဟာ ဆော်ဒီအပေါ် ပြင်းထန်တဲ့ ဖိအားတစ်ခု ဖြစ်လာမလားဆိုတာကတော့ မသိရသေးပါဘူး။ အမေရိကန်ဘက်ကလည်း ဆော်ဒီအပေါ် ပြင်းပြင်းထန်ထန်လုပ်လို့မရတဲ့အချက်တွေ ရှိပါသေးတယ်။

သမ္မတထရမ့်ဟာ အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ကို အထီးကျန်နိုင်ငံဖြစ်စေဖို့က အရေးပါတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။ ဒ့ါအပြင် အီရန်အပေါ် ရေနံတင်ပို့မှုကို အမေရိကန်က ပိတ်ဆို့မှုတွေ ပြုလုပ်ထားပြီး အခြားနိုင်ငံတွေကိုလည်း အီရန်ဆီက ရေနံမဝယ်ကြဖို့ သတိပေးမှုတွေ လုပ်ထားပါတယ်။

အီရန်ဆီက ရေနံမဝယ်ရတော့ရင် လိုအပ်လာတဲ့ရေနံပမာဏကို ရရှိဖို့ဆိုရင် ဆော်ဒီအပေါ်မှာ တည်မှီသွားပါပြီ။ ဒီအချက်ဟာလည်း သမ္မတထရမ့်အနေနဲ့ ဆော်ဒီအပေါ်မှာ ပစ်ပစ်ခါခါ လုပ်လို့မရတဲ့အချက်ပေါ်မှာ ပါဝင်ပါတယ်။

**မျှော်လင့်ချက်တွေ ရေစုန်မျောနိုင်**

နောက်ထပ်အချက်တစ်ခုကတော့ ကာတာနိုင်ငံကိစ္စပါပဲ။ ကာတာကို ဆော်ဒီက ဦးဆောင်ပြီး အခြားအာရပ်ကမ္ဘာက နိုင်ငံတွေက ဝိုင်းပယ်ထားပါတယ်။ ကာတာနိုင်ငံနဲ့ ကုန်သွယ်မှုကို ပိတ်ပင်ထားပါတယ်။ ကာတာနိုင်ငံဆိုတာကလည်း အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ အကြီးဆုံး စစ်အခြေစိုက်စခန်းရှိတဲ့ နေရာပါ။

ဒါကြောင့် ကာတာနိုင်ငံအပေါ် ဆော်ဒီရဲ့ ပိတ်ပင်မှုတွေ ဖယ်ရှားပေးဖို့ အမေရိကန်အစိုးရအနေနဲ့ ကြိုးပမ်းနေတာလည်း တစ်နှစ်ကျော်ကြာရှိပါပြီ။

တကယ်လို့များ ဆော်ဒီနဲ့သာ အဆင်မပြေဖြစ်ခဲ့ရင် ဒီမျှော်လင့်ချက်တွေ အားလုံးဟာလည်း ရေစုန်မျောရတော့မှာပါ။ ဒီအချက်တွေကတော့ အမေရိကန်အနေနဲ့ ဆော်ဒီအပေါ် ပစ်ပစ်ခါခါ လုပ်လို့မရတဲ့ အချက်တွေပါပဲ။

ဒီတော့ ယီမင်စစ်ပွဲမှာ ဆော်ဒီရဲ့ပါဝင်မှု ရပ်တန့်သွားဖို့ အမေရိကန်က ပြတ်ပြတ်သားသား ဖိအားပေးနိုင်မှာပါလား။

**ရေးရေးလေးပေါ်လာသည့် မျှော်လင့်ချက်**

ယီမင်စစ်ပွဲမှာ သေဆုံးခဲ့ရတဲ့ လူဦးရေဟာ အနည်းဆုံး တစ်သောင်းခန့်ရှိပါပြီ။ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ဒီစစ်ပွဲအဆုံးသတ်ဖို့ ကုလသမဂ္ဂက တောင်းဆိုခဲ့ပါတယ်။

ကုလသံတမန်တွေ ငြိမ်းချမ်းရေးအတွက် ကြားဝင်စေ့စပ်ပေးမှုဟာလည်း မအောင်မြင်ပြန်ပါဘူး။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်ကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ ယီမင်စစ်ပွဲအဆုံးသတ်ဖို့ တောင်းဆိုမှုဟာ ဝမ်းမြောက်ဖွယ်ရာ ကြေညာချက်တစ်ခုလို့ ဆိုပါတယ်။

အခုလိုမျိုး ဆော်ဒီကို အဓိက လက်နက်တွေ တင်ပို့နေတဲ့ အမေရိကန်နဲ့ ဗြိတိန်တို့ဆီက စစ်ပွဲတွေရပ်ဖို့ တညီတညွတ်တည်း တောင်းဆိုမှုတွေ ပေါ်ပေါက်လာတဲ့အခါမှာတော့ ယီမင်စစ်ပွဲ တကယ်ပဲ အဆုံးသတ်နိုင်တော့မှာလားဆိုတဲ့ မျှော်လင့်ချက် ရေးရေးလေး ပေါ်လာပြန်ပါတော့တယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်စ်**



## လွိုင်ကော်မြို့ မြို့နာမ်ရွှေစေတီတော်တွင် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူ

**လွိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသော မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို နိုဝင်ဘာ ၁ ရက်က မြို့နာမ် ရွှေစေတီတော်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော် ၇၉၇ ပါးနှင့် သီလရှင် ၃၀၅ ပါးအား ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**ရီရယ်**

## မူဆယ် ၁၀၅ မိုင်ကျေးရွာတွင် ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်ပွဲတော်ကျင်းပ

**မူဆယ် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာတွင် နှစ်စဉ်ကျင်းပလျက်ရှိသော ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်ပွဲတော်ကြီးကို နိုဝင်ဘာ ၁ ရက်က မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် အောင်သီရိမင်္ဂလာသုခ ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။

ဗုဒ္ဓဘာသာဝင်ဖြစ်သည့် ဒေသခံ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ တစ်ရွာနှင့်တစ်ရွာ စည်းလုံးညီညွတ်မှုရရှိစေရန်နှင့် ရင်းနှီးမှုရရှိစေရန်၊ မိမိတို့ အထွတ်အမြတ်ထားသော ဘာသာကို အမြဲအမှတ်ရစေရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း အောင်သီရိမင်္ဂလာသုခ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေသရက ပြောသည်။

ပွဲဆောင်ဆာမ်ဆိုသည်မှာ ရှမ်းလူမျိုး (တအာင်း) ပလောင်လူမျိုးတို့၏ ဝေါဟာရစကားဖြစ်ကြောင်း၊ မြန်မာစကားအရ ၂၃ ပွဲဟု အဓိပ္ပာယ်ဖြစ်ကြောင်း၊ ၂၃ ဆိုသည့် သီတင်းကျွတ်လဆန်း ၁ ရက် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တိုင် ရက်ပေါင်း ၂၃ ရက်ရှိကြောင်း၊ အဆိုပါ ၂၃ ရက်ကိုအကြောင်းပြုကာ ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်ဟု ရှေးအခါက သက်ကြီး အဘိုး အဘွားများ မှည့်ခေါ်ထားခြင်းဖြစ်ကြောင်း၊ ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်သည် ရှမ်းပြည်နယ်အတွင်း မြို့တိုင်း၊ ရွာတိုင်း၊ သင့်တော်သည့်နေရာ စေတီပုထိုးများကို အကြောင်းပြုပြီး ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်ကျင်းပခြင်းဓလေ့ရှိကြောင်းနှင့် အဆိုပါ ပွဲတော်သည် ရှမ်းပြည်နယ်၏ အထွတ်မြတ်ဆုံးပွဲတော်တစ်ခုဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

မူဆယ်မြို့နယ်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော ၂၃ ပွဲ၊ ပွဲဆောင်ဆာမ် ပွဲတော်ရက်တွင် ၁၀၅ မိုင်ကျေးရွာအုပ်စုအတွင်းရှိ ရွာပေါင်းကိုးရွာဖြစ်သည့် မိုင်းယု၊ အောက်နမ့်ဟွယ်၊ အထက်နမ့်ဟွယ်၊ လုံခန်၊ ဟိုနား(ပန်ကျုံ)မန်မော်၊ အထက်တုန်ခန်၊ အောက်တုန်ခန်နှင့်ဟိုနောင်ကျေးရွာတို့မှ သက်ကြီးအဘိုးအဘွားများ၊ အပျို လူပျိုများနှင့် ကလေးငယ်များက မိမိတို့ကျေးရွာအလိုက် အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းအမျိုးမျိုးနှင့်အသီးအမျိုးမျိုး၊ မုန့်အမျိုးမျိုးတို့ကို ယူဆောင်လာကြပြီး အိုးစည်ဗုံမောင်းများ၊ ရိုးရာအကများဖြင့် လှည့်လည်ခဲ့ကြပြီး ၁၀၅ မိုင် အောင်သီရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ နဝင်းရန်ကင်း ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ရွာနီးတစ်ဝိုက်ရှိ သံဃာတော်အရှင်သူမြတ်များနှင့်အတူ ဗုဒ္ဓါဘိသေကမင်္ဂလာဘုရားအနေကဇာတင်ခြင်း၊ ဘုရားပန်း၊ ဆီမီးများ ဆက်ကပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**သန့်ဇင်(မူဆယ်)**



## One Stop Shop ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးမည်

**ဒလ နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လုပ်ငန်း လိုအပ်မှုများကို One Stop Shop လုပ်ငန်းစဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အောက်တိုဘာလနောက်ဆုံးပတ်က မြို့နယ် သီရိဇေယျ အနော်ရထာခန်းမ၌ ပြုလုပ်သည့် ဒလမြို့နယ်ဒေသန္တရဆိုင်ရာ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၏ ပြောကြားချက်အရ သိရသည်။

One Stop Shop လုပ်ငန်းစဉ်ဖြင့် ပျော်ဘွယ်ကြီးကျေးရွာကို အခြေပြုကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ကျေးလက်နေပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းအပါအဝင် အခြားလိုအပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

One Stop Shop အခြေစိုက်ရာ ပျော်ဘွယ်ကြီးကျေးရွာသို့ အနီးပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများ လာရောက် လုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ကြိုတင်အသိပေးလှုံ့ဆော်မှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

"One Stop Shop နဲ့ ကျေးရွာတွေကို ဆင်းပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဆောင်ရွက်ပေးမယ်ဆိုလို့ ဝမ်းသာပါတယ်။ ကျေးလက်နေပြည်သူတွေ အဓိကလိုအပ်တာက မှတ်ပုံတင်လုပ်ငန်းနဲ့ဆိုင်တဲ့ လုပ်ငန်းတွေပါ"ဟု ထူးကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လွင်က ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**

## နေပြည်တော်-ပခုက္ကူ အမြန်ရထား မြို့လုလင်ဘူတာ၌ စတင်ရပ်တန့်ခြင်း အထိမ်းအမှတ်ဖွင့်ပွဲ ကျင်းပ

**မကွေး နိုဝင်ဘာ ၃**

မကွေးခရိုင် မြို့သစ်မြို့နယ်ရှိ ဗိုလ်မင်းရောင် မွေးရပ်ဇာတိဖြစ်သည့် မြို့လုလင် ကျေးရွာသို့ ပြေးဆွဲနေသော နေပြည်တော်-ပခုက္ကူ အမြန်ရထားကို စတင် ရပ်တန့်ခြင်း အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို မြို့လုလင် ဘူတာရုံရှေ့တွင် နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့သစ်မြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့ပြီး မြန်မာ့မီးရထား အမှတ်- ၁၁ တိုင်းဒေသကြီး ပို့ဆောင်ရေးမန်နေဂျာ ဦးစိုးမိုးနိုင်က အဆိုပါမြို့လုလင် ဘူတာသို့ ရပ်တန့်မှုရရှိစေရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာတွင် မြို့လုလင်ကျေးရွာသည် ယခင်က အမြန်ရထားများ ဖြတ်သန်းသွားနေသဖြင့် လိုက်ပါစီးနင်းလိုပါက မြို့သစ်သို့သွားရောက်ကာ စီးရခြင်းများရှိခဲ့သော်လည်း အချိန်ပေးရခြင်းများဖြင့် ကြုံတွေ့ရပြီး သွားရေးလာရေးကအစ အခက်အခဲများ ရှိခဲ့ကြောင်း။

ယခုလို မြို့လုလင်ကျေးရွာဘူတာသို့ နေပြည်တော်-ပခုက္ကူ အမြန်ရထားအား ရပ်တန့်(ခရီးသည်တင်)ခွင့်ရရှိခဲ့သဖြင့် မြို့လုလင်ကျေးရွာအပါအဝင်အနီးနားရှိ ကျေးရွာပေါင်း ၁၆ ရွာရှိ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းခွင့်ရရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ရပ်မိရပ်ဖ ဦးစိန်သောင်းတို့က နေပြည်တော်-ပခုက္ကူ အမြန်ရထား ရပ်တန့်ပေးခြင်းအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း၊ အမြန်ရထားကြီး ရပ်တန့်ပေးသည့်အတွက် ပခုက္ကူ- ပုဂံ-နေပြည်တော်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သွားလာနိုင်သည့်အတွက် အစိုးရတာဝန်ရှိသူများကို ကျေးရွာရှိ ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရထားရပ်တန့်ခြင်း အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ တိုင်း - ၁၁ ပို့ဆောင်ရေးမန်နေဂျာ ဦးစိုးမိုးနိုင်တို့က အမြန်ရထားရပ်တန့်မှု အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



## တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ကျေးရွာသို့ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ ရောက်ရှိ

**တောင်ပြိုလက်ဝဲ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံးချုပ်မှ ကောင်စစ်ဝန်ချုပ် Dr. Kumar Praveen၊ ကောင်စစ်ဝန် Mr.Rajesh Kumar နှင့်အဖွဲ့ နိုဝင်ဘာ ၁ ရက်က တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ် ဩဂုတ်လက ရခိုင်ပြည်နယ် အကြမ်းဖက်ဖြစ်စဉ်အတွင်း ပြိုပျက်သွားသည့် နံ့သာတောင်ကျေးရွာရှိ အိမ်ခြေ ၄၁ အိမ်ကို ကူညီထောက်ပံ့တည်ဆောက်ပေးနိုင်ရေးနှင့် ပြုပြင်တည်ဆောက်မည့် မြေနေရာအနေထားများအား နံ့သာတောင် ပရဟိတဆရာတော်ကြီး၏ အကြံဉာဏ်များနှင့် လက်ရှိမြေပြင်အခြေအနေများကို လေ့လာဆွေးနွေးရန် ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့သည် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင် စသည့် မြို့နယ်များသို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ တီးတိန်၌ ကျင်းပ

**တီးတိန် နိုဝင်ဘာ ၃**

ချင်းပြည်နယ် တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဇုန်နယ်အလိုက် အလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁ ရက်က ကမ်းဟောက်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွာလ်ဘင်းဇုန်အသင်းနှင့် တွီးထန်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွာလ်ဘင်းဇုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် ပထမဆုရရှိသည့် မွာလ်ဘင်းအသင်းအား ဆုဖလား၊ ငွေသားနှင့် လည်ဆွဲပြားများကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်ကလည်းကောင်း၊ ဒုတိယရရှိသည့် တွီးထန်အသင်းအား ငွေသားဆုနှင့် လည်ဆွဲပြားများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဌေးက လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မျက်ပါးရွှေဆိုင်း ထုတ်လုပ်ပုံအဆင့်ဆင့်ပြပွဲနှင့် စာပေဟောပြောပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ အစဉ်ထာဝရ တည်ရှိစေရေးအတွက် မန္တလေးမြို့ရှိ မျက်ပါးရပ်ရွှေဆိုင်းလုပ်ငန်းရှင်များ ပူးပေါင်း၍ ရှင်သန်ဆဲ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မျက်ပါးရွှေဆိုင်း ထုတ်လုပ်ပုံအဆင့်ဆင့်ပြပွဲနှင့် စာပေဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီမှ ည ၇ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Hotel Mandalay ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။




မြန်မာ့ရိုးရာလက်မှုပညာရပ်များ မပျောက်ပျက်စေရန် နိုင်ငံတော်အစိုးရအပိုင်းမှလည်း ကူညီစောင့်ရှောက်ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြပွဲစီစဉ်သူ အောင်တံခွန် ရွှေဆိုင်းလုပ်ငန်းမှ ဦးဇော်မင်းအောင်က ပြောသည်။

အဆိုပါပြပွဲကို မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့၍ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည့်အတွက် ရွှေဆိုင်းလုပ်ငန်းရှင်များသာမက အခြား ကျောက်ဆစ်၊ ပန်းပု၊ ရွှေချည်ထိုး အစရှိသည့် လုပ်ငန်းရှင်အားလုံးလည်း ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ထားကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ပြပွဲနှင့်အတူ မြန်မာနိုင်ငံလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာထူး၊ မြန်မာ့သမိုင်းအဖွဲ့မှ သမိုင်းပါမောက္ခ ဦးတိုးလှိုင်၊ ဒေါက်တာတင်မောင်ကြည်၊ ဒေါက်တာသစ်ဆင်း၊ ဒေါက်တာ ခင်သီတာ၊ ဆရာကြီး နတ်မောက်ထွန်းရှိန်၊ ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်၊ မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးသူရအောင်၊ မြန်မာ့ယဉ်ကျေးမှု ရွှေချည်ထိုး ဆရာကြီး ဦးစိန်မြင့်၊ စာရေးဆရာ ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့်၊ ဆရာဆူးငှက်တို့က စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

# ထားဝယ်မြို့တွင် (၁၀၉)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကြီးကျင်းပမည်

**ထားဝယ် နိုဝင်ဘာ ၃**

(၁၀၉)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကို ၁၃၈၀ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ဘုရားကြီးဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည် ပူဇော်ခံပွဲကို ၁၂၇၁ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၁၀၉ နှစ်တိုင်တိုင် ကျင်းပလာခြင်းဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပွဲတော်အတွက် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် ဘုရားတစ်ဆူစီကို ကြိုတင်ပင့်ဆောင်ကြ၍ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာများ၏ အဓိကကျသည့်နေရာများတွင် ကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်များ ဆောက်လုပ်ကာ ပူဇော်ခံထားရှိသည်။



ထားဝယ်မြို့ ရပ်ကွက်နှင့် ကျေးရွာများအတွင်းမှ စေတနာရှင်များက မိမိဒေသအတွင်း ယာယီကိန်းဝပ်စံပယ်တော်မူသော မြတ်စွာဘုရားရုပ်ပွားတော်များအား နေအိမ်များသို့ အလှည့်ကျပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း ၊ ပဒေသာပင်နှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည့် အစဉ်အလာများလည်း ရှိကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များအား တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ရွှေတောင်စားစေတီဘုရားကြီးဝင်း ယာယီဂန္ဓကုဋိအဆောင်တော်သို့ ကိန်းဝပ်စံပယ်ရန် ရပ်ကွက်နှင့်ကျေးရွာများက မိမိတို့ ပင့်ဆောင်ထားကြသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများကို အတီး၊ အမှုတ် ၊ အက၊ အခုန်များဖြင့် ပြန်လည်ပို့ဆောင်ကြကာ ဘုရားကြီးဝင်းအတွင်း၌ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ တန်ဆောင်တိုင်ကာလတွင် ပူဇော်ကန်တော့ရန် ယာယီစံကျောင်းတော်ဖြင့် ထားရှိပေးထားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တန်ဆောင်မုန်းလဆန်း ၁၄ ရက် နိုဝင်ဘာ ၂၁ ရက် ည ၇ နာရီတွင် အခမ်းအနားဖွင့်လှစ်၍ ဘုရားကြီးဝင်းအတွင်းမှ ထားဝယ်မြို့အတွင်းသို့ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေစေရေး ဇလုံတောင်ဘုရား တောင်တက်ကားလိုင်းဂိတ်ဖွင့်

**ဗန်းမောက် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ ခရီးသွားလုပ်ငန်းမြင့်ရေး ဇလုံတောင် ဘုရားဖူးတောင်တက်ကားလိုင်းဂိတ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီတွင် ကန်သာယာ (ယာယီ)ယာဉ်ရပ်နားစခန်းတွင် ဖွင့်လှစ်ခဲ့သည်။

"ဇလုံတောင်တော်ပေါ်ကို ဘုရားဖူးတက်ရာမှာ ပြီးခဲ့တဲ့နှစ်က ကားအစီးရေ ၉၅ စီး ပြေးဆွဲခဲ့ပါတယ်။ ဒီနှစ်မှာတော့ တောင်တက်မော်တော်ယာဉ် ၁၅၀ လောက်ရှိလာမယ်ထင်တယ်။ တောင်တက်ကားတစ်စီးကို လူဦးရေ ၁၅ ဦးထိ လိုက်ပါစီးနင်းနိုင်ပြီး ကားခနှုန်းထားအနေနဲ့ လူတစ်ဦးကို အသွားအပြန် ကျပ် ၆၀၀၀ နှုန်း ကားခနှုန်း အရင်နှစ်အတိုင်းပါပဲ"ဟု ဇလုံတောင် တောင်တက်ကားအသင်းမှ သိရသည်။

ဇလုံတောင်ကို လာရောက်လည်ပတ်မည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကားရပ်နားကွင်း၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီစဉ်ထားကြောင်း သိရသည်။ တောင်တက်ကားလိုင်းဂိတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးမင်းနှင့် ကားအသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက အမှာစကားပြောကြားကာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးမင်း၊ ကားအသင်းတာဝန်ရှိသူတို့က ယာဉ်လိုင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၃ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၈ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၃ · ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၀၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၈၄၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm


ကိုတင်နှင့် ရပ်ကွက်
HTOO
ဝါကျွတ်ကာလ ကန်တော့ကြ ဆိုတဲ့အတိုင်း သက်ကြီးဝါကြီးတွေကိုလည်း ကန်တော့တာ မှားမှားကြီးက တစ်သောင်း.. ဦးမျိုးကြီးက ငါးထောင်...
မုန့်ဖိုး ပြန်ပေးလိုက်တယ်လေ... သီတင်းကျွတ်လက ငါ့အတွက် ပျော်စရာကြီးပါလားနော်.. ဟီ...
ဟယ်... ဟိုမှာ..
ပြီးရင်.. မင်းရလာတဲ့မုန့်ဖိုးတွေဝေလိုက်...
ဟုတ်ပြီ...


မေမေ နဲ့ သားသား
ဟော.. မေမေဈေးက ပြန်လာပြီ...
ပါတာပေါ့ သားရယ်..
ဟုတ်..


ကာတွန်း သွေးချစ်
ညိုပု


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟေ့ ခိုင်ဝေ၊ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ
ငါ့မောင်အာဂျစ်လေ၊ စာသင်ရင်ပေကပ်ကပ်နဲ့၊
ငါတွေ့အတော်စိတ်ကုန်နေပြီ၊
နင်အသင်အပြ ညံ့လို့နေမှာပေါ့၊ ပလာတူးနဲ့တွေ့ရင် အဆင်ပြေသွားမှာ၊
အာဂျစ်၊မင်းကိုသချ်ာ သင်ပေးမယ်၊မင်းမှာ ငွေနှစ်ရာ့ငါးဆယ်ရှိတယ် ဆိုပါဆို့၊
မင်းကိုနောက်ထပ် နှစ်ရာ့ငါးဆယ်ပေးရင် ဘယ်လောက်ရမလဲ၊
ရေခဲမုန့်တစ်ခွက်လောက် တော့ရမယ်ထင်တယ်၊


မောင်မောင်ရှိတ်
MGU
မောင်ဦး
ကျွန်တော်ကတော့ ရော့ခ်သီချင်းတွေဆိုတဲ့ အဆိုတော်တစ်ယောက်ပါ...
အား ပြင်းတဲ့ အသံချဲ့စက်နဲ့ ဆောင်းဘောက်တွေကိုအသုံးပြုမှာပါ... ဟီး...
ဟဲလို... မင်္ဂလာပါ ခမ်းမောင်း...
ဆူညံနေတာပဲ စာကျက်လို့မရဘူး...
ငါ့အိမ်... ငါ့ဆူတာ ဘာဖြစ်တုန်း
သီချင်းဆိုတာ ကိုယ့်ရဲ့လွတ်လပ်ခွင့်ပါ... ဒါပေမယ့်...ကိုယ့်လွတ်လပ်ခွင့်ဟာ.. တခြားသူတွေကို အနှောင့်အယှက် မဖြစ်အောင်ထိန်းသိမ်းဖို့လည်း... လိုတယ်လေ...
အီး...


သက်စု
ဈေးချို
ဈေးကိုက်ခံရလို့ ဆေးရုံမှာ ကာကွယ်ဆေး သွားထိုးနေရတယ်...
ဟယ်! နာမှာပေါ့၊ ချက်ပတ်လည်မှာ ထိုးရတာလား၊
ဟုတ်ဘူး၊ လက်မောင်းမှာ၊ နာတာပေါ့ဟ...
မနေ့က ကြီးကြီး အကိုက်ခံရတယ်၊ ဒီနေ့ ငါ၊ ခွေးကိုက်လို့ နာတာထက် ဆေးထိုးတာ ပိုနာသလိုပဲ..
ပထမဦးဆုံး ဆေးသုံးလုံးထိုးရတယ်၊ သုံးရက်ကြာရင် ဒုတိယအကြိမ် ထိုးရမယ်၊တစ်ပတ်ပြည့်ရင် တတိယအကြိမ်
လေးပတ်ပြည့်ရင် နောက်ဆုံးအကြိမ် ထိုးရမယ်၊ သူ့ရက်ချိန်း အတိအကျ ထိုးမှ ဆေးအာနိသင်ရှိမယ်၊ခွေးရူးပြန်ရင်သေရော၊ ကြောက်စရာကြီး၊
အဲဒီတော့ မနေ့က ကြီးကြီး ထိုးတယ်၊ ဒီနေ့ ငါထိုးဖို့အတွက် ကြီးကြီးက လိုက်ပို့ရပြန်ရော...
ဟုတ်ပါ့မယ်၊ ကိုက်မယ့်ကိုက် တစ်နေ့တည်း အတူတူထိုးရအောင် ကိုက်ရောပေါ့၊ ဒီခွေးနှယ်...

# မြန်မာနိုင်ငံ လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း**

၃၃၈။ (က) လူမွဲသည် ၎င်းပိုင်ပစ္စည်းများကို ပေးကမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလျှင်၊ သို့မဟုတ် ပြုစေလျှင် သို့တည်းမဟုတ် ယင်းပစ္စည်းများပေါ်တွင် ကြွေးမြီတာဝန် တင်ရှိစေလျှင် သို့တည်းမဟုတ် လူမွဲဖြစ်မှုစတင်ချိန်မှစ၍ လွန်ခဲ့သောငါးနှစ်အတွင်း ထိုသို့ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်စေခဲ့လျှင် ပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းခြင်း သို့မဟုတ် ယင်းပစ္စည်းအပေါ် ကြွေးမြီတာဝန်တင်ရှိစေခြင်းဆိုသောစကားရပ်တွင် ထိုပစ္စည်းကို ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းလည်း ပါဝင်စေရမည်။

(ဂ) လူမွဲဖြစ်မှု စတင်ခြင်းမရှိမီ ငွေပေးဆပ်ရန် ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်ချမှတ်ပြီးနောက် သို့တည်းမဟုတ် ယင်းသို့ချမှတ်ခြင်းမပြုမီ ၂ လအတွင်း ထိုစီရင်ချက် သို့မဟုတ် အမိန့်အား ပြေကျေခြင်း မရှိစေရန် လူမွဲသည် ၎င်းပိုင်ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းခြင်း သို့မဟုတ် ဖယ်ရှားခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

**ထွက်ပြေးတိမ်းရှောင်ခြင်း**

၃၃၉။ လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည် -

(က) လူမွဲသည် နည်းဥပဒေအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်းသော တန်ဖိုးရှိပြီး တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရမည့် မိမိလက်ဝယ်ရှိ ပစ္စည်းတစ်ရပ်ကို ယူဆောင်၍ နိုင်ငံတော်ပြင်ပသို့ ထွက်ခွာလျှင် သို့မဟုတ် ထွက်ခွာရန်အားထုတ်လျှင် သို့မဟုတ် ထွက်ခွာရန် ပြင်ဆင်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ခ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်း မပြုမီ (၆) လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲ (က) အရ ပြစ်မှုမြောက်မည်ဖြစ်သော ပြုလုပ်မှုတစ်ခုကို ကျူးလွန်ခဲ့လျှင်။

**အကြွေးဖြင့်ဝယ်ခဲ့သော ပစ္စည်းကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဆောင်ရွက်ခြင်း**

၃၄၀။(က) လူမွဲက အကြွေးဖြင့်ဝယ်ယူရရှိထားသော ပစ္စည်းတစ်ရပ်ရပ်ကို လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်း မပြုမီ ၁၂ လ အတွင်း သို့မဟုတ် ကြားကာလအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လ အတွင်း သို့မဟုတ် ကြားကာလအတွင်း မည်သူမဆို အောက်ပါအခြေအနေများရှိကြောင်း သိလျက်နှင့်ဖြစ်စေ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ လူမွဲထံမှပစ္စည်းတစ်ရပ်ရပ်ကို လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် -

(၁) ထိုပစ္စည်းနှင့်စပ်လျဉ်း၍ လူမွဲက ငွေပေးချေရန် ကြွေးမြီတင်ရှိနေကြောင်း၊ နှင့်

(၂) လူမွဲတွင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ တင်ရှိနေသော ကြွေးမြီကို ပေးချေရန် ရည်ရွယ်ချက် မရှိကြောင်း သို့မဟုတ် ပေးဆပ်နိုင်စွမ်း မရှိတန်ရာကြောင်း။

(ဂ) လူမွဲပိုင်ပစ္စည်းတစ်ရပ်ကို တစ်စုံတစ်ဦးက စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းမှာ ထိုသို့ပြုလုပ်စဉ်က လူမွဲ၏စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းဖြစ်လျှင် ၎င်းအား ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဃ) ပစ္စည်းတစ်ရပ်ကို လူမွဲ၏စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်း ဟုတ် မဟုတ် ဤပုဒ်မအလို့ငှာ ဆုံးဖြတ်ရာတွင် ထိုစဉ်က ထိုပစ္စည်းအတွက်ပေးချေခဲ့သောတန်ဖိုးကို အလေးထား၍ ထည့်သွင်းစဉ်းစားရမည်။

(င) ပစ္စည်းတစ်ရပ်ကို စီမံခန့်ခွဲခြင်းပြုသည်ဆိုသော စကားရပ်တွင် ပစ္စည်းကို တစ်နည်းနည်းဖြင့်ပေါင်နှံခြင်းနှင့် ထိုသို့ပေါင်နှံသည့် ပစ္စည်းကို လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းလည်း ပါဝင်သည်။

**ချေးငွေ ရယူခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်း**

၃၄၁။(က) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် -

(၁) ၎င်း၏ငွေကြေးအခြေအနေနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လူမွဲသည် ၎င်းတစ်ဦးတည်းအနေဖြင့်ဖြစ်စေ အခြားသူများနှင့် တွဲဖက်၍ဖြစ်စေ တစ်စုံတစ်ဦးထံမှ ကြွေးမြီများ ရယူခဲ့လျှင်၊ သို့မဟုတ်

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသည့်လုပ်ငန်း နှင့်စပ်လျဉ်းသည့်အချက်အလက်များကို ၎င်းနှင့် စီးပွားရေးအရ ဆက်သွယ်လုပ်ကိုင်နေသူများအားလုံးထံသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လူမွဲသည် အခြားလုပ်ငန်းအမည်ဖြင့် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင်။

(ခ) ကြွေးမြီရယူထားသော လူမွဲဆိုသော စကားရပ်တွင် အောက်ပါကိစ္စရပ်များလည်း ပါဝင်ရမည်-

(၁) အရစ်ကျဝယ်သည့်စာချုပ်အရ ရောင်းချသည့်ကိစ္စ သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် ရောင်းချသည့်ကိစ္စ ဖြစ်သည့်အပြင်၊

(၂) ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ငွေသားဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ လူမွဲထံသို့ ကြိုတင်ပေးအပ်ထားသည့်ကိစ္စ။

(ဂ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ ငွေကြေးအခြေအနေနှင့် စပ်လျဉ်းသည့် အချက်အလက်များဆိုရာတွင် ထိုသူသည် လူမွဲဖြစ်မှုရပ်စဲခြင်း မရှိသေးသော အခြေအနေနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဆိုသည်။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း လူမွဲအပေါ် ကန့်သတ်သည့်အမိန့် တစ်ရပ်အတည်ဖြစ်နေဆဲတွင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

**အခန်း(၉)**

**လူမွဲဖြစ်မှုတွင် တရားရုံးများ၏အာဏာ**

**ဖမ်းဆီးရန် အခွင့်အာဏာ**

၃၄၂။(က) ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့်ကိစ္စများတွင် တရားရုံးသည် ဖမ်းဝရမ်း ထုတ်ဆင့်နိုင်သည် -

(၁) မြီစား သို့မဟုတ် လူမွဲအဖြစ်မှရပ်စဲခြင်း မရှိသေးသူ သို့မဟုတ် လူမွဲအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း ၎င်းပိုင်ပစ္စည်းများကို ဤအပိုင်းအရ စီမံခန့်ခွဲမှု ခံယူလျက်ရှိသူအား ဖမ်းဆီးရန်ကိစ္စ၊ ထို့ပြင်

(၂) ဝရမ်းထုတ်ဆင့်ဖမ်းဆီးခြင်းခံရသူ၏ လက်ဝယ်ရှိ စာအုပ်စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည်များကို သိမ်းဆည်းရန် ကိစ္စ။

ထို့ပြင် ထိုသို့ဝရမ်းအရ ဖမ်းဆီးထားသော တစ်စုံတစ်ဦးအား အချုပ်တွင် ထားရှိစေရန်နှင့် သိမ်းဆည်းခဲ့သော စာအုပ်စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည်များကို တရားရုံးက အမိန့်တွင် ဖော်ပြထားသော အချိန်ကာလအထိ ထိန်းသိမ်းထားရှိစေရန် အမိန့် ချမှတ်နိုင်သည်။

(ခ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းပြီးနောက် သို့မဟုတ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် မည်သည့် အချိန်တွင်မဆို အောက်ပါအခြေအနေများရှိနေကြောင်း ထင်မြင်ယူဆလျှင် တရားရုံးသည် မြီစား သို့မဟုတ် လူမွဲအဖြစ်မှ ရပ်စဲခြင်းမရှိသေးသောသူ သို့မဟုတ် လူမွဲအဖြစ်မှ ရပ်စဲပြီးဖြစ်သူနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်သည်-

(၁) ကြွေးမြီတာဝန်များမှ ရှောင်ရှားရန် သို့မဟုတ် နှောင့်နှေးစေရန် သို့မဟုတ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ သို့မဟုတ် မှုခင်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း တစ်ရပ်ရပ်ကို နှောင့်နှေးစေရန် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေရန် အလို့ငှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်မည်ဖြစ်ကြောင်း ယုံကြည်ရန် ဆီလျော်သော အကြောင်းရှိလျှင်၊ သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ပစ္စည်းများကို လက်ရောက်ရယူခြင်းကို တားဆီးရန် သို့မဟုတ် နှောင့်နှေးစေရန် အလို့ငှာ ဖယ်ရှားလျှင်၊ သို့မဟုတ်

(၃) လူမွဲမှုခင်းတွင်ဖြစ်စေ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းပြုရာတွင်ဖြစ်စေ မြီရှင်များအတွက် အသုံးဝင်သော စာအုပ်စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည်များကို ထိမ်ချန်ကြောင်း သို့မဟုတ် ဖျက်ဆီးကြောင်း သို့မဟုတ် ထိုသို့ထိမ်ချန်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုမည်ဖြစ်ကြောင်း ယုံကြည်ရန် ဆီလျော်သော အကြောင်းရှိလျှင်၊ သို့မဟုတ်

(၄) လူမွဲသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ခွင့်ပြုချက်မရှိဘဲ နည်းဥပဒေအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်းသော တန်ဖိုးရှိသည့်၎င်း၏လက်ဝယ်ရှိ ကုန်စည်တစ်ရပ်ရပ်ကို ဖယ်ရှားလျှင်၊ သို့မဟုတ်

(၅) လူမွဲသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တရားရုံး၏ အမိန့်အရ ပြုလုပ်သည့် စစ်ဆေးမေးမြန်းမှု တစ်ရပ်ရပ်သို့ လာရောက်အစစ်ဆေးခံရန် ပျက်ကွက်လျှင်။

**လူမွဲပိုင်ပစ္စည်းများကို သိမ်းဆည်းခြင်း**

၃၄၃။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရတရားရုံးသည် အောက်ပါပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းစေရန် တာဝန်ရှိသူတစ်ဦး တစ်ယောက်ထံသို့ ဝရမ်းထုတ်ဆင့်၍ တာဝန်ပေးအပ်နိုင်သည်-

(၁) တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသော လူမွဲ သို့မဟုတ် တစ်စုံတစ်ဦး၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင် ရှိနေသော လူမွဲပိုင်ပစ္စည်းများ၌ ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ်၊ သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသော လူမွဲ သို့မဟုတ် တစ်စုံတစ်ဦး၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိနေသော လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ။

(ခ) ဤပုဒ်မအရ ထုတ်ဆင့်သောဝရမ်းကို အတည်ပြုဆောင်ရွက်ရန် တာဝန်ရှိသူသည် လူမွဲပိုင်ပစ္စည်းများတွင်ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်ကို သိမ်းဆည်းရန် သို့မဟုတ် လူမွဲပိုင်ပစ္စည်းများ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများကို သိမ်းဆည်းရန်အလို့ငှာ ဖမ်းဆီးရမည့် ထိုလူမွဲ သို့မဟုတ် သိမ်းဆည်းရမည့်အရာများရှိသည့် သို့မဟုတ် ရှိနေသည်ဟု ယုံကြည်သည့် နေအိမ်ဥပစာကို ချိုးဖျက်ဝင်ရောက်ခြင်းနှင့် ထိုပစ္စည်းများကို ထည့်သွင်းထားရှိသည့် သို့မဟုတ် ယင်းတို့ကို ထည့်သွင်းထားကြောင်း ယုံကြည်သည့် ဖုံးကွယ်ထားသောအရာများကို ချိုးဖျက်ခြင်းပြုနိုင်သည်။

(ဂ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးသည် အောက်ဖော်ပြပါပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို တစ်စုံတစ်ဦးပိုင်ဆိုင်သော နေအိမ်ဥပစာ၌ ကွယ်ဝှက်ထားကြောင်း ယုံကြည်ကျေနပ်လျှင် ထိုပစ္စည်း သို့မဟုတ် စာအုပ်စာတမ်းများကို ဝင်ရောက်ရှာဖွေသိမ်းဆည်းရန် ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား ဝရမ်းထုတ်ဆင့်စေခိုင်းနိုင်သည်-

(၁) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ်၊ သို့မဟုတ်

(၂) လူမွဲပိုင်ပစ္စည်းများ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ။

**လူမွဲပိုင်ပစ္စည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးခြင်း**

၃၄၄။(က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါပုဂ္ဂိုလ်များကို လာရောက်စေရန် ဆင့်ခေါ်နိုင်သည်-

(၁) လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်၊

(၂) လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ရှိသူ သို့မဟုတ် ထိုသို့လက်ဝယ်ထားရှိကြောင်း ယုံကြည်ခြင်းခံရသူ သို့မဟုတ် လူမွဲသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတစ်ဦးဦး၊

(၃) လူမွဲ သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ၊ လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းများနှင့် စပ်လျဉ်းသည့်အချက်အလက်များကို ပေးနိုင်သည်ဟု တရားရုံးက ထင်မြင်ယူဆသူ။

(ခ) လူမွဲနှင့် ၎င်း၏ဆက်သွယ်ဆောင်ရွက်မှုများကို ရှင်းလင်းထွက်ဆိုထားသော သက်သေထွက်ဆိုချက်တစ်ရပ်ကို မှန်ကန်ကြောင်း ကျမ်းကိုန်လွှာဖြင့် ပူးတွဲ၍ တရားရုံးသို့ တင်သွင်းရန် သို့မဟုတ် လူမွဲနှင့်စပ်လျဉ်းသော သို့မဟုတ် ၎င်း၏ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းသော ၎င်း၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသည့် စာချုပ်စာတမ်း တစ်ရပ်ရပ်ကို တင်ပြစေရန်အလို့ငှာ တရားရုံးသည် ပုဒ်မခွဲ(က)၏ ပုဒ်မခွဲငယ် (၂) နှင့် (၃) တွင် ဖော်ပြထားသောသူ တစ်ဦးဦးအား ဆင့်ဆိုနိုင်သည်။

(ဂ) ပုဒ်မ ၃၄၂ ပါပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အောက်ပါ ကိစ္စတစ်ရပ်ရပ်တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

# နတ်ထွင်းလက်ရာအလား

သိပ္ပံစာရေးဆရာကိုကိုအောင်

**ကမ္ဘာပေါ်မှ ကျောက်လိုဏ်ဂူများ**

ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် လိုဏ်ဂူများကို အများအပြား တွေ့ရှိနိုင်သည်။ ကမ္ဘာပေါ်ရှိ ကျောက်လိုဏ်ဂူများအနက် အရေအတွက်အားဖြင့် အများစုမှာ လူသူအရောက်အပေါက်နည်းလှသော ဝေးလံသီခေါင်သည့် တောတောင်လျှိုမြောင်များအတွင်း၌ တည်ရှိနေကြသည်။ အနည်းစုသော ကျောက်လိုဏ်ဂူတို့ကသာလျှင် အများပြည်သူတို့နေထိုင်ရာ မြို့ရွာများနှင့် မလှမ်းမကမ်း၌ တည်ရှိနေကြသည်။

ထိုသို့သော အနည်းစုဖြစ်သည့် ကျောက်လိုဏ်ဂူများထဲ၌ပင် ဖော်ထုတ်တွေ့ရှိခဲ့ပြီး ဖြစ်သော လိုဏ်ဂူအရေအတွက်မှာ အချို့အဝက်သာရှိပြီး ကျန်ရှိနေသေးသော ကျောက်လိုဏ်ဂူများကိုမူ ရှာဖွေတွေ့ရှိဖော်ထုတ်နိုင်ခြင်းမရှိကြသေးပေ။ ကျောက်လိုဏ်ဂူများကို ရှာဖွေဖော်ထုတ်နိုင်မှုတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက အများဆုံးဖြစ်ပြီး ထိုထိုသော ဖွံ့ဖြိုးပြီးနိုင်ငံများကသည်ပင်လျှင် မိမိတို့ရှာဖွေဖော်ထုတ်ပြီးသော ကျောက်လိုဏ်ဂူများအနက် အရေအတွက်အနည်းငယ်ကိုသာလျှင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ဖွင့်လှစ်ပေးထားလျက်ရှိသည်။

**အများပြည်သူများကြည့်ရှုနိုင်ရန်**

ကျောက်လိုဏ်ဂူတစ်လုံးကို အများပြည်သူတို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ရာ၌ ဘက်စုံထောင့်စုံမှ စနစ်တကျ ပြင်ဆင်ကြရသည်။ အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများကို ဦးစွာပြုလုပ်ကြရသည်။ လိုဏ်ဂူအတွင်းရှိ နက်သောလျှိုများ၊ အကွေ့အကောက်များလွန်းပြီး ကျဉ်းမြောင်းသောနေရာများ စသည်တို့၌ လူအများအသက်ရှူနိုင်ရန် လုံလောက်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ ရှိ/ မရှိကို တိုင်းတာစစ်ဆေးကြရသလို ဂူအတွင်းရှိ နက်မှောင်အေးစိမ့်လွန်းသော နေရာအချို့ကို လူအများအား ဝင်ရောက်ခွင့်ပြုရန်သင့် မသင့်ကိုလည်း လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ကြရသည်။

ထို့ပြင် အချွန်အတက်ဖြစ်နေသော ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၏ တည်ရှိနေပုံများအရ အချို့သောနေရာများတွင် အများပြည်သူတို့ နီးနီးကပ်ကပ် လေ့လာကြည့်ရှုရန် သင့်မသင့်ကိုလည်း ဘေးအန္တရာယ်ကင်းရှင်းရေး ရှုထောင့်မှနေ၍ စဉ်းစားသုံးသပ်ကြရသည်။ လိုဏ်ဂူအမိုးပေါ်မှ တွဲလောင်းခိုကျဆင်းနေသော ကျောက်ပန်းဆွဲများအနက် အချို့မှာ လိုဏ်ဂူကြမ်းခင်းနှင့် လူတစ်ရပ်လွတ်ရုံမျှသာရှိပြီး လွန်စွာနီးကပ်နေတတ်သလို လိုဏ်ဂူကြမ်းပြင်မှ အပေါ်သို့ ထိုးထိုးထောင်ထောင်ထွက်ပေါ်နေသော ကျောက်စက်မိုးမျှော်များအနက် အချို့မှာ လုံ့သွားတမျှ ချွန်ထက်နေတတ်သည်။

ထိုကဲ့သို့သော ကျောက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်တို့၏ သဘာဝအတိုင်းတည်ရှိနေပုံမှာ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြမည့် အများပြည်သူတို့အတွက် ထိခိုက်မှုအန္တရာယ်မှ အသက်အန္တရာယ်အထိ ဖြစ်ပွားနိုင်သည့်အတွက် လိုဏ်ဂူတစ်ခုကို အများပြည်သူတို့ကြည့်ရှုရန် ဖွင့်လှစ်ခြင်းမပြုမီ စနစ်တကျ စူးစမ်းလေ့လာမှုများကို ကြိုကြိုတင်တင် စီစဉ်လုပ်ဆောင်ကြရခြင်းဖြစ်သည်။



အမေရိကန်ပြည်ထောင်စု ကားစ်ဘက်မြို့အနီးရှိ ကားစ်ဘက်လိုဏ်ဂူကြီး

ကမ္ဘာအရပ်ရပ်ရှိ ထုံးကျောက်ပေါကြွယ်ဝသောဒေသများတွင် လိုဏ်ဂူများကို တွေ့ရှိနိုင်သည်။ ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းများ၏ ရေစီးအလျဉ်နှင့် သဘာဝရေတွင် ဖွဲ့စည်းပါဝင်နေသော ဒြပ်စင်များကြောင့် လိုဏ်ဂူများကိုဖြစ်ပေါ်စေခဲ့ပြီး နှစ်ပေါင်းသန်းနှင့်ချီ၍ ကြာမြင့်လာသည့်အခါ လိုဏ်ဂူများအတွင်း၌ အလွန်လှပပြီး ရင်သပ်ရှုမော အံ့သြမကုန်ဖြစ်ရသည့် ကျောက်ပန်းဆွဲများ ဖြစ်တည်လာရသည်။ ပန်းချီဆရာနှင့် ပန်းပုပညာရှင်များက မည်သို့ပင် စိတ်ကူးယဉ်မှန်းဆပြီး ရေးဆွဲထုဆစ်စေကာမူ သဘာဝကျောက်ပန်းဆွဲများ၏ ဖြစ်တည်ဖွဲ့စည်းနေပုံကို အန်တုရဲမရနိုင်ပေ။

**ကျောက်လိုဏ်ဂူများ ပေါ်ပေါက်လာခြင်း**

ရေနှင့် သဘာဝဓာတ်ငွေ့သိုက် တည်ရှိရာ နေရာနှင့်နီးကပ်သော ထုံးကျောက်တောင်ကြီးများသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ ကျောက်လိုဏ်ဂူကြီးများကို ဖြစ်ပေါ်လာစေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ၌ စုပုံဖွဲ့စည်းနေသော ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းများသည် ထုံးကျောက်တောင်များအတွင်း ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်ဓာတ်ငွေ့ကို ထွက်ပေါ်လာစေသည်။ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်ဓာတ်ငွေ့များသည် ကျောက်လွှာများအတွင်း ဖြတ်သန်းစီးဆင်းနေသော မိုးရေတွင်ပါဝင်သည့် အောက်ဆီဂျင်နှင့်ဓာတ်ပြုကာ ဆာလ်ဖျူရစ်အက်စစ်များကို ထုတ်လုပ်ပေးသည်။

ဆာလ်ဖျူရစ်အက်စစ်များ ဖြတ်သန်းစီးဆင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ထုံးကျောက်များသည် ဖျော်ချဖျက်ဆီးခြင်းခံကြရကာ လိုဏ်ဂူများကို ဖြစ်ပေါ်လာစေသည်။ ရေနှင့် ဆာလ်ဖျူရစ်အက်စစ်များသည် လိုဏ်ဂူနံရံကျောက်သားများအတွင်း၌ ကျန်ရစ်ခဲ့ကြပြီး ယင်းသို့သော သဘာဝဖြစ်စဉ်များကသည်ပင်လျှင် လိုဏ်ဂူများအတွင်း၌ အလွန်သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များ ဖြတ်သန်းစီးဆင်းမှုကို ဖြစ်ပေါ်လာစေသည်။

ရေတွင်ပါဝင်သော သတ္တုဓာတ်ပစ္စည်းများသည် အနည်ထိုင်ကျန်ရစ်ခဲ့ကြပြီး ပုံစံမျိုးစုံရှိသော လိုဏ်ဂူမျက်နှာကြက်များ၊ နံရံများနှင့် ကြမ်းပြင်များကို ဖြစ်တည်လာစေတော့သည်။ ရင်သပ်ရှုမောဖွယ်ရာဖြစ်သော အလွန်လှပသည့် ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များနှင့်အတူ လိုဏ်ဂူအတွင်း ဝေ့ကာဝိုက်ကာဖြင့် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းငယ်လေးများကိုလည်း ဖွဲ့စည်းဖြစ်ပေါ်လာစေသည်။

ကျောက်လိုဏ်ဂူများအတွင်းရှိ သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များသည် လိုဏ်ဂူအမိုးမျက်နှာကြက်များမှ တွဲလောင်းခိုကျဆင်းနေကြသော ကျောက်ပန်းဆွဲများမှတစ်ဆင့် ယိုစိမ့်စီးဆင်းလျက်ရှိနေကြသည်။ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြသူများက အဆိုပါကျောက်စက်ရေကို အမြတ်တနိုးတန်ဖိုးထားကာ သောက်သုံးလေ့ရှိကြသည်။ အချို့ကမူ ရေဘူးများဖြင့်ပင် ထည့်သွင်းယူဆောင်သွားတတ်ကြသည်။ ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက်ဓာတ်ပြုရာမှ ထွက်ပေါ်လာသော ရေချိုများသည် သန့်ရှင်းစင်ကြယ်သည့်အပြင် ကျောက်လိုဏ်ဂူနံရံများကို ဖြတ်သန်းစီးဆင်းလာကြရသည့်အတွက် အလွန်ပင်အေးမြလှသည်။ ထိုအေးမြလှသော ကျောက်စက်ရေများကို သောက်သုံးခြင်းသည် ကျန်းမာရေးအရသင့်လျော်ရုံမျှမက ယင်းကျောက်စက်ရေများဖြင့် မျက်လုံးအိမ်အတွင်းကို ဆေးကြောသန့်စင်ခြင်း၊ မျက်နှာသစ်ခြင်းတို့သည်လည်း အန္တရာယ်ကင်းသော အမြင်ကြည်လင်မှုကို ရရှိစေနိုင်သည်။

**အများပြည်သူကြည့်ရှုနိုင်ရန်စီစဉ်ခြင်း**

ကျောက်လိုဏ်ဂူများ၏သဘာဝသည် နက်မှောင်ပြီး အေးမြလွန်းလှသည့်အားလျော်စွာ အများသူငါကြည့်ရှုနိုင်ရန်အတွက် သီးသန့်စီစဉ်ပေးထားခြင်းမရှိသေးသော လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုလိုသူများသည် အနွေးထည်၊ လက်နှိပ်ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည်တို့ကို အသင့်ယူဆောင်သွားကြရမည်ဖြစ်သည်။ အနိမ့်ဆုံးအပူချိန် ၁၂ ဒီဂရီ ဆဲလ်စီးယပ်ခန့်အထိရှိနိုင်သော ကျောက်လိုဏ်ဂူများအတွင်း၌ အနွေးထည်သည် အအေးဒဏ်မှ ကာကွယ်ရန်ဖြစ်ပြီး လက်နှိပ်ဓာတ်မီးသည် မှောင်မိုက်သောနေရာများ၌ အသုံးပြုရန်ဖြစ်သည်။ အတွင်းပိုင်းရှိ နက်သောလျှိုများအတွင်းသို့မဝင်ရောက်မီ ဖယောင်းတိုင်မီးကိုထွန်းညှိခြင်းဖြင့် အောက်ဆီဂျင်လုံလောက်စွာရှိ/ မရှိကို စူးစမ်းသိရှိနိုင်ကာ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည်။

အများသူငါကြည့်ရှုနိုင်ရန် စနစ်တကျစီစဉ်၍ ဖွင့်လှစ်ပေးထားသော ကျောက်လိုဏ်ဂူကြီးများ၌မူ လျှပ်စစ်မီးအလင်းရောင်ကို လုံလောက်စွာ ထွန်းညှိပေးထားခြင်း၊ လူသွားလမ်းကလေးများကို အတတ်နိုင်ဆုံးပြေပြစ်အောင် စီစဉ်ပြုလုပ်ပေးထားခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့နည်းပါးသော လျှိုနံရံများကြားသို့ ဝင်ရောက်ခွင့်တားမြစ်ထားခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်သည့် အစီအမံများ ပြုလုပ်ပေးထားခြင်းတို့ကို တွေ့ရှိနိုင်သည်။

မည်သို့ပင်ဖြစ်စေကာမူ ကျောက်လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်သည့်အခါ အပ်ချောင်းများထောင်ထားသည့်ပုံစံ ဖြစ်တည်နေသော ကျောက်စက်မိုးမျှော် အနုစိတ်နေရာများကို ဂရုတစိုက်ကြည့်ရှုကြရန်လိုအပ်သည်။ အရွယ်အစားသေးငယ်ပြီး ချွန်ထက်နေသော ကျောက်စက်မိုးမျှော် အနုစိတ်များ၏ မာကျောကျစ်လျစ်မှု အဆင့်အတန်းသည် အလွန်မြင့်မားနေခြင်းကြောင့် ယင်းတို့အပေါ်သို့ ခြေချော်ကျရောက်ခဲ့လျှင် အသက်အန္တရာယ်အထိ ဖြစ်နိုင်သောကြောင့်ပင်ဖြစ်သည်။

**လှပဆန်းကြယ်သော ကျောက်လိုဏ်ဂူများ**

နှစ်သန်းပေါင်းများစွာကပင် ဖြစ်တည်နေခဲ့ကြသော ကမ္ဘာအရပ်ရပ်ရှိ ကျောက်လိုဏ်ဂူကြီးများကို စွန့်ဦးရှာဖွေသူများက တွေ့ရှိနိုင်ရန် လင်းနို့ငှက်များက လမ်းပြခဲ့ကြခြင်းဖြစ်သည်။ လင်းနို့များသည် သားပေါက်ရာသီရောက်ရှိလာသည့်အခါ အဝင်အထွက်တစ်ပေါက်တည်းသာရှိသည့် ကျောက်လိုဏ်ဂူများအတွင်းသို့ အုပ်စုလိုက် ပြောင်းရွှေ့ရောက်ရှိလာကြသည်။ နေ့ဘက်တွင် လိုဏ်ဂူအတွင်း၌ အိပ်စက်အနားယူကြပြီး အလင်းရောင်ကင်းမဲ့သည့် ညအချိန်သို့ရောက်သောအခါ လိုဏ်ဂူအပြင်ဘက်သို့ အုပ်စုလိုက် အစာရှာထွက်ကြသည်။ လင်းနို့ငှက်များ အုပ်စုလိုက် ဝင်ထွက်ပြုလုပ်နေသည်ကို သတိပြုမိသော စွန့်ဦးရှာဖွေရေးသမားတို့က ရင်သပ်ရှုမော အံ့သြမကုန်အောင် လှပဆန်းကြယ်သော ကျောက်လိုဏ်ဂူများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ကမ္ဘာ့အံ့ဖွယ် ကျောက်လိုဏ်ဂူများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ် ကားစ်ဘက်မြို့အနီးရှိ ကားစ်ဘက်လိုဏ်ဂူကြီးကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ကမ္ဘာ့သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည်။ သဲကန္တာရ မျက်နှာပြင်၏ အောက်ဘက်၌ ဂူငယ်ပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်း တည်ရှိနေသည့် အဆိုပါ ကျောက်လိုဏ်ဂူကြီး၏ နေရာ အနည်းစုကိုသာ အများပြည်သူအား ကြည့်ရှုခွင့်ပေးထားပြီး နေရာအများစုကိုမူ သုတေသနလုပ်ငန်းများအတွက် သီးသန့်ခွင့်ပြုပေးထားလျက်ရှိသည်။

ကမ္ဘာအရပ်ရပ်တွင် ကျောက်လိုဏ်ဂူများ အများအပြားရှိကြသည့်အနက် အများပြည်သူမရောက်ဖူးသေးသော ကျောက်လိုဏ်ဂူအချို့ကို စူးစမ်းလေ့လာရေး အဖွဲ့များအတွက် သီးသန့်ခွင့်ပြုပေးထားသလို အချို့သော လိုဏ်ဂူများအတွင်း၌ ကင်ဆာရောဂါကို ကုသနိုင်မည့် အဏုဇီဝ ပိုးမွှားများကို ရှာဖွေသုတေသနပြုနိုင်ရန်အတွက် ဆေးသိပ္ပံပညာရှင်များအား အထူးခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

**မြန်မာနိုင်ငံမှ ကျောက်လိုဏ်ဂူများ**

မြန်မာနိုင်ငံအလယ်ပိုင်း ပြင်ဦးလွင်ဒေသရှိ ပိတ်ချင်းမြောင်လိုဏ်ဂူနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသရှိ ထန်စန်းလိုဏ်ဂူတို့သည်လည်း ကျောက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ စမ်းချောင်းငယ်များဖြင့် သဘာဝအလျောက်ဖြစ်တည် လာခဲ့သည့် လိုဏ်ဂူများ ဖြစ်ကြပြီး အများပြည်သူတို့ ကြည့်ရှု လေ့လာအပန်းဖြေနိုင်စေရန် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

နတ်များထွင်းထုထားသည့် လက်ရာအလား ရင်သပ်ရှုမော အံ့သြမကုန်နိုင်အောင် ထူးခြားဆန်းကြယ် လှပလွန်းသည့် ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ စမ်းချောင်းငယ်များဖြင့် ဖွဲ့စည်းဖြစ်တည်နေကြသော ကမ္ဘာ့ဒေသအသီးသီးရှိ ကျောက်လိုဏ်ဂူကြီးများသည် နှစ်ကာလ သန်းနှင့်ချီ၍ ကြာမြင့်ပြီးမှ ဖြစ်တည်လာခဲ့ကြသည့် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့အမွေအနှစ် နေရာများဖြစ်သည့်အတွက် ကျောက်လိုဏ်ဂူကြီးများကို ဖျက်ဆီးခြင်း၊ သဘာဝအနေအထားများကို ပျက်ယွင်းစေခြင်း၊ ဖြတ်တောက်ဖယ်ရှားခြင်း၊ လူလုပ်ရုပ်ဝတ္ထုပစ္စည်းများဖြင့် အစားထိုးခြင်းနှင့် တွဲစပ်တည်ဆောက်ခြင်း စသည်တို့ကို မပြုလုပ်ကြဘဲ သဘာဝအတိုင်းသာလျှင် အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

“ကျောက်လိုဏ်ဂူများ၏သဘာဝသည် နက်မှောင်ပြီး အေးမြလွန်းလှသည့်အားလျော်စွာ အများသူငါကြည့်ရှုနိုင်ရန်အတွက် သီးသန့်စီစဉ်ပေးထားခြင်းမရှိသေးသော လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုလိုသူများသည် အနွေးထည်၊ လက်နှိပ်ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည်တို့ကို အသင့်ယူဆောင်သွားကြရမည်ဖြစ်သည်။ အနိမ့်ဆုံးအပူချိန် ၁၂ ဒီဂရီ ဆဲလ်စီးယပ်ခန့်အထိရှိနိုင်သော ကျောက်လိုဏ်ဂူများအတွင်း၌ အနွေးထည်သည် အအေးဒဏ်မှ ကာကွယ်ရန်ဖြစ်ပြီး လက်နှိပ်ဓာတ်မီးသည် မှောင်မိုက်သောနေရာများ၌ အသုံးပြုရန်ဖြစ်သည်အတွင်းပိုင်းရှိ နက်သောလျှိုများအတွင်းသို့မဝင်ရောက်မီ ဖယောင်းတိုင်မီးကိုထွန်းညှိခြင်းဖြင့် အောက်ဆီဂျင်လုံလောက်စွာ ရှိ/ မရှိကို စူးစမ်း သိရှိနိုင်ကာ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည်”

# လောက်ကိုင်မြို့တွင် ဖွံ့ဖြိုးရေးတက္ကသိုလ် (B.Ed) နှင့် ဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း)သို့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ



**လောက်ကိုင် နိုဝင်ဘာ ၃**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(B.Ed) နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း)သို့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အဆင့်မြင့်ပညာရေး တက်ရောက်သင်ကြားမည့် ကျောင်းသားကျောင်းသူများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက လောက်ကိုင်မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကျင်းပကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ဒေသဦးစီးအဖွဲ့ဝင် ဦးအောင်ထိန်လင်း၊ ဦးအိုက်ကောနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က တက္ကသိုလ်နှင့် ဒီဂရီကောလိပ်တို့၏ အဆောင်စည်းကမ်းချက်များ၊ သင်ကြားရေးပိုင်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဒေသဦးစီးအဖွဲ့ တာဝန်ရှိသူများ၊ တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကူးကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (B.Ed)သို့ အဆင့်မြင့်ပညာရေး တက်ရောက်သင်ကြားမည့် ကျောင်းသူ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း) သို့ ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI အဆင့်မြင့်ပညာရေး တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၁၇ ဦးရှိကြောင်း သိရသည်။

**ဘဦး(လောက်ကိုင်)**

# တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်၏ ဇနီးအား ထောက်ပံ့ငွေပေးအပ်

**ဘားအံ နိုဝင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-အိန္ဒူ ကားလမ်း နောင်လုံတံတားတွင် ယာဉ်ရှင်းလင်းရေး တာဝန်ထမ်းဆောင်နေစဉ် သေနတ်ထိမှန်ကျဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်၏ ကျန်ရစ်သည့် မိသားစုအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကရင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ကျပ်တစ်သိန်း၊ ရဲတပ်ဖွဲ့(ပရဟိတ)အဖွဲ့မှ ကျပ်တစ်သိန်း၊ မြဝတီအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းမှ ကျပ် ငါးသိန်း၊ အိန္ဒူနယ်မြေရဲစခန်းတပ်ဖွဲ့ဝင် မိသားစုများမှ ကျပ် သုံးသိန်း၊ နယ်ခြားစောင့်တပ် တပ်နယ်(၂)စီးပွားရေးတာဝန်ခံ ဗိုလ်ဘသိန်းမှ ကျပ် တစ်သိန်း၊ အိန္ဒူရှိ မိတ်ဆွေများမှ ကျပ် ၃၅၀၀၀၀၊ ဗိုလ်မှူးသိန်းဇော်မင်းမှ ကျပ် တစ်သိန်း၊ ကိုထွန်း+ဒေါ်မူမှ ကျပ် တစ်သိန်း၊ ဦးချစ်ဆွေမှ ငွေသားကျပ် ငါးသောင်း စုစုပေါင်း ကျပ် ၁၇ သိန်း တစ်ထောင်ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ရာ ကျဆုံးသွားသည့် ရဲဒုတပ်ကြပ် မျိုးဇော်အောင်၏ ဇနီးဖြစ်သူ မမြတ်သန္တာက လက်ခံခဲ့သည်။ အောက်တိုဘာ ၂၉ ရက်ကလည်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကျဆုံးသွားသည့် ရဲဒုတပ်ကြပ် မျိုးဇော်အောင်၏ ဇနီးဖြစ်သူ မမြတ်သန္တာအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ကျဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်မှာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ အိန္ဒူနယ်မြေရဲစခန်းမှ ရဲဒုတပ်ကြပ် မျိုးဇော်အောင်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီခန့်က ဘားအံ-အိန္ဒူ ကားလမ်း၊ နောင်လုံတံတားတွင် ယာဉ်လမ်းရှင်းလင်းရေး တာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ အမျိုးသားတစ်ဦးက သေနတ် ဖြင့် အနီးကပ်ပစ်ခတ်ခြင်းခံရ၍ ကျဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



# ရွှေဆံပင်သံကူကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်နေမှုပြီးစီးရန် အလှူရှင်များ လိုအပ်နေ

**ဝမ်းတွင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရှောက်တောကျေးရွာအုပ်စု ဆင်သေကွေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေဆံပင်သံကူကွန်ကရစ် သင်ပုန်းချောင်းကူးတံတား တည်ဆောက်လျက်ရှိရာ အဆိုပါတံတား တည်ဆောက်နေမှုပြီးစီးရန် အလှူရှင်များ လိုအပ်နေကြောင်း သိရသည်။

ရှောက်တောကျေးရွာအုပ်စုတွင် ရှောတောကျေးရွာ၊ ဆင်သေကွေ့ကျေးရွာ၊ ပုလဝိကျေးရွာ၊ ညဏ်ကန်ကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများပါဝင်ပြီး အိမ်ထောင်စု ၂၀၀ ခန့်နှင့် လူဦးရေ ၉၀၀ ကျော်နေထိုင်လျက်ရှိကာ အဆိုပါဒေသမှ ဒေသခံများမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး ၎င်းတို့စိုက်ပျိုးရရှိသော ပုံမှန်သီးနှံများအပြင် မီးဖိုချောင်သုံး ကိုင်းသီးနှံ ဟင်းသီးဟင်းရွက်များကို ဝမ်းတွင်းဈေး၊ သဲတောဈေးနှင့် အခြားဈေးများသို့ သွားရောက်ရောင်းချမှုများပြုလုပ်ရာတွင် ဆင်သေကွေ့ကျေးရွာ၏ အရှေ့ဘက်ရှိ သင်ပုန်းချောင်းအား ဖြတ်ကျော်၍ သွားလာရောင်းဝယ်ကြရသည်။

အဆိုပါသင်ပုန်းချောင်းမှာလည်း မိုးရွာသွန်းမှုများသည့်အခါ တောင်ပုလုဆည်နှင့် ရွှေသာလျှောင်းဆည်တို့မှ ရေလွှတ်သည့်အခါများနှင့် တောင်ကျရေများ ကျဆင်းလာသည့်အခါများတွင် သွားလာရေး၌ အခက်အခဲများကြုံတွေ့ရသဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင် နှစ်စဉ်အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်။ ရာသီချိန်ခါမရွေး သွားလာနိုင်ရန် နတ်ကန်ကျောင်းဆရာတော်ကြီး၏ မိန့်ကြားချက်ဖြင့် ရန်ကုန်မြို့ မြေလတ်ဆရာတော်၊ သရက်တောကျောင်းဆရာတော်တို့က ဦးဆောင်၍ ကော်မတီများဖွဲ့စည်းကာ အလှူရှင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ မြို့နယ်ရှိ တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့အသိပေး၍ သင်ပုန်း ချောင်းကူးတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈ မေ ၁ ရက် တွင် စတင်လုပ်ကိုင်ခဲ့ကြရာ ယနေ့တွင် ၅၅ ရာခိုင်နှုန်းကျော် ပြီးစီးခဲ့ပြီး အလှူရှင်များနှင့် ဒေသခံပြည်သူတို့၏ စုပေါင်းထည့်ဝင်ငွေဖြင့် လုပ်ငန်းသုံးပစ္စည်းများ ၏ တန်ဖိုးငွေ ကျပ်သိန်း ၁၂၀၀ ခန့်အား သုံးစွဲတည်ဆောက်ခဲ့၍ ယခုအခါ အဆိုပါ သံကူကွန်ကရစ်တံတားပြီးစီးရန် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း တာဝန်ခံ ဦးကြည်ခိုင်ထံမှ သိရသည်။



အဆိုပါ သင်ပုန်းချောင်းကူးတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ချဉ်းကပ်ခုံ (၂)ခုံနှင့် ရေလယ်တိုင် သုံးတိုင်ပါဝင်ကာ အောက်ခံအုတ်မြစ်အဖြစ် (၂ပေ/၆လက်မ) ဘိုးတိုင်အမျိုးအစားဖြစ်ကာ ပင်မတံတားအရှည် ပေ ၁၈၀ ရှည်လျားပြီး ချဉ်းကပ်လမ်းမှာ တစ်ဖက်တစ်ချက် ပေ ၂၀၀ ခန့်ရှိ၍ တံတားအကျယ်မှာ ယာဉ်သွားလမ်းနှင့်လူသွားလမ်းအပါအဝင် ၁၅ ပေရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်+ကုန် ၁၅ တန်ဖြစ်သည်။ အဆိုပါတံတား၏ ခန့်မှန်းကာလ တန်ဖိုးငွေမှာ ငွေကျပ် သိန်း ၂၃၅၆ ကုန်ကျမည်ဖြစ်ရာ ဖုန်း-၀၉- ၇၉၈၆၃၈၇၃၁၊ ၀၉-၇၈၀၂၄၆၇၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သင်ပုန်းချောင်းကူး သံကူကွန်ကရစ်တံတားပြီးစီးသွားပါက ကျေးရွာပေါင်းရှစ်ရွာခန့် အကျိုးဖြစ်ထွန်းစေရုံသာမက ရဟန်းရှင်လူ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး စသော အဘက်ဘက်မှ အဆင်ပြေချောမွေ့လွယ်ကူမည်ဖြစ်သဖြင့် အဆိုပါ တံတားပြီးစီးရန်ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ကလေးမြို့တွင် မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးဆိုင်ကယ်များကို တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးမည်

**ကလေး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် အသိပေး၊သတိပေးခြင်းများဆောင်ရွက်သည့်အပြင် သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား နေ့စဉ်နှင့်အမျှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ မှတ်ပုံတင်မဲ့သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးဆိုင်ကယ်များကိုလည်း One Stop Service(OSS) စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၃၁ ရက်က ကြိုတင်ညှိနှိုင်းအစည်းဝေးပြုလုပ်၍ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကျယ် ကျယ်ပြန့်ပြန့် သိရှိစေရေး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးတို့က အသေးစိတ် ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါစီမံချက်တွင် သတ်မှတ်ယာဉ်များအား နိုဝင်ဘာ ၁ ရက်မှစတင်၍ နိုဝင်ဘာ ၂၃ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ၊ နေရပ်လိပ်စာမှန်ကန်စေရေးအတွက် အိမ်ထောင်စုစာရင်း(ပုံစံ-၁၀)မူရင်းနှင့် မိတ္တူ(သို့မဟုတ်)ရပ်ကွက်၊ ကျေးရွာတွင် နေထိုင်ကြောင်း အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းစသည့် စာရွက်စာတမ်းများကို ယူဆောင်လာရမည်ဖြစ်ကြောင်း၊ ဟောင်းနွမ်းချို့ယွင်းနေသည့် Road Safety ဖြစ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ၊ Model Year ၂၀၀၈ခုနှစ်အောက် နိမ့်သောယာဉ်များ၊ လူစီး သုံးဘီးမော်တော်ယာဉ်များ၊ ဒေသအစီအစဉ်ဖြင့်တပ်ဆင်သော လူစီးဆိုင်ကယ်ဘေးတွဲများ၊ တောတွင်းနှင့်ကမ်းစပ်များတွင် အသုံးပြုသည့် လေးဘီးပါ မော်တော်ဆိုင်ကယ်များ၊ မှတ်ပုံတင်သက်တမ်း ငါးနှစ်ကျော်နှစ်ပြတ် ယာဉ်များအား စီမံချက်တွင် မှတ်ပုံတင်ခွင့်မပြုကြောင်း၊ နောင်တွင် မှတ်ပုံတင်မဲ့ယာဉ်များကို အသုံးပြုပါက ယခုကဲ့သို့ OSS စနစ်ဖြင့် မှတ်ပုံတင်ပေးတော့မည်မဟုတ်ဘဲဥပဒေအရ ယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခံရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့ အဓိကထား အရေးယူဆောင်ရွက်နေတာက ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ မောင်းနှင်တဲ့သူတွေအပြင် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ခြင်းမရှိတဲ့သူတွေကို နေ့ဆိုင်း၊ ညဆိုင်းကွင်းဆင်းစစ်ဆေး အရေးယူဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ အသိပညာပေးဟောပြောပွဲတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးတာတွေ၊ လူစည်ကားတဲ့လမ်းဆုံလမ်းခွမှာ ကြော်ငြာဆိုင်းဘုတ်တွေ အများမြင်သာအောင်ကြော်ငြာပေးထားပါတယ်"ဟု ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးဒေသအတွင်း ပြည်သူများနောင်တွင်ယာဉ်တိုက်မှုအန္တရာယ်မှ ရှောင်ရှားကင်းဝေးနိုင်ရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ ဆိုင်ကယ်မောင်းနှင်ရာ၌လည်း အထူးသတိထား၍ မောင်းနှင်ကြရန်နှင့်ယာဉ်မောင်းနှင်ရာ၌အထူး သတိထားလိုက်နာဆောင်ရွက်ရေး ကလေးခရိုင်/မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ အသိပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကမ္ဘာ့ဘဏ်ချေးငွေဖြင့် (NEP)စီမံကိန်းမှ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်မီးပေးမည်

**ကျောက်တံခါး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကမ္ဘာ့ဘဏ်ချေးငွေဖြင့် (NEP)အမျိုး သားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ ပထမအဆင့်ဆောင်ရွက်မည့် ကျောက်တံခါးဒေသ၌ရှိသော ကျေးရွာပေါင်း၂၁ ရွာအား (NEP)စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ ကျေးရွာမီးလင်းရေးကော်မတီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးက မြို့နှင့်နှစ်မိုင်ခန့်ရှိသော ကျေးရွာများ၌ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိစေရန် ပထမအဆင့်အနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်မီးရရှိရေးတို့ကို လိုအပ်သောကျေးရွာများအတွက် လွှတ်တော်သို့တင်ပြတောင်းခံခဲ့ရာ ယခုအခါ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် (NEP) စီမံကိန်းမှ ကျောက်တံခါးတစ်မြို့နယ်လုံးအတွက် ကျေးရွာပေါင်း ၅၁ ၌ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိခဲ့ရာ ကျောက်တံခါးဒေသအတွက် ကျေးရွာပေါင်း ၂၁ ရွာအား လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ပေးမှာဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီများမှလည်း လုပ်ငန်းများဆောင်ရွက်ရာ၌ ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ကြရန်ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းတိုးက (NEP)စီမံကိန်းမှ ပထမအဆင့်ဆောင်ရွက်မည့် ကျေးရွာများအတွက် တင်ဒါအောင်မြင်ရရှိသော ကုမ္ပဏီများမှ မကြာမီလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်ချေးငွေအစီအစဉ်ဖြင့် (NEP) စီမံကိန်းမှ ဆောင်ရွက်ရာတွင် 11KV လိုင်းကြိုးများ ကျေးရွာအရောက်သွယ်တန်းတပ်ဆင်ပေး၍ ထရန်စဖော်မာများပါ ထည့်သွင်းတည်ဆောက်ပေးသွားမှာဖြစ်ပြီး ကျန်ရှိသည့်ကျေးရွာအတွင်း မီးလင်းရေးအပိုင်းကိုတော့ ကျေးရွာနေပြည်သူများစုပေါင်းပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာမီးလင်းရေးကော်မတီများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တင်ပြဆွေးနွေးချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကုန်သွယ်ရေးလုပ်ငန်း အပြန်အလှန်စီးဆင်းနိုင်ရန် နယ်စပ်တံတားတည်ဆောက်မည့်နေရာ ကွင်းဆင်းစစ်ဆေး

**တွန်းဇံ နိုဝင်ဘာ ၃**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဒါရ်ခိုင်း(ရွာဟောင်း)ကျေးရွာ၌ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး တံတားတည်ဆောက်မည့် နေရာအား အတည်ပြုနိုင်ရေးအတွက် နှစ်ဖက်နိုင်ငံရှိ ကိုယ်စားလှယ်များက အောက်တိုဘာ ၃၀ ရက်တွင် ကွင်းဆင်း စစ်ဆေးတိုင်းတာမှု ဆောင်ရွက်ခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ ကျန်ဖိုင်ခရိုင်အုပ်ချုပ်ရေးမှူး ကယ်ဗန်လာလ်သျှန်အာ ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့များ ပူးပေါင်း၍ နယ်စပ်တံတားတည်ဆောက်မည့်နေရာ အတည်ပြုနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခဲ့ကြသည်။ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တွင်တံတား လေးစင်းတည်ဆောက်ရမည့်အနက် တစ်ခုအပါအဝင်ဖြစ်သော ချင်းပြည်နယ် တွန်းဇံမြို့နယ် ဒါရ်ခိုင်း (ရွာဟောင်း)ကျေးရွာနှင့် အိန္ဒိယနိုင်ငံ ကျန်ဖိုင်ခရိုင် နာလန်ကျေးရွာကြားရှိ အိန္ဒိယ-မြန်မာ နယ်စပ်ဖြစ်သော တီအိုချောင်းသို့ သွားရောက်၍ တံတားတည်ဆောက်မည့်နေရာအား အတည်ပြုနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်း ဆောင်ရွက်ခဲ့ကြသည်။ ဒါရ်ခိုင်း(ရွာဟောင်း)ကျေးရွာအပါအဝင် ချင်းပြည်နယ်၏ အိန္ဒိယနှင့် နယ်စပ် နေရာငါးခုတွင် နယ်စပ်ဈေးများ ဖွင့်လှစ်ပြီး အိန္ဒိယနိုင်ငံ ဒေသထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ မိမိတို့ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ခြင်းများ အပြန်အလှန် ကုန်သွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဂျွန်**



# ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Solize Engineering Cooperation တို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို အောက်တိုဘာ ၁ ရက်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် ဂျပန်နိုင်ငံ Solize အင်ဂျင်နီးယားရင်းမှ Mr. Keiichi Shinohara တို့က ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။




ယင်းသဘောတူညီချက်အရ ဂျပန်နိုင်ငံ SOLIZE အင်ဂျင်နီးယားရင်းက ထုတ်ကုန်ဒီဇိုင်းအပေါ် အခြေခံသည့် 3D CAD ဆိုင်ရာ သင်တန်းအား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းပထမအပတ်စဉ်တွင် ကျောင်းသား ကျောင်းသူ ၄၀ အား သင်ထောက်ကူပစ္စည်းများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ သုံးလကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား စက်မှုကုန်ထုတ်လုပ်ငန်းများနှင့်ပတ်သက်သော ဒီဇိုင်းပုံစံများကို 3D CAD အခြေခံ၍ ရေးဆွဲပေးနိုင်သည့် နည်းပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိရန်နှင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များ၏ စက်မှုလုပ်ငန်းများတွင် အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ SOLIZE အင်ဂျင်နီးယားရင်းတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရရှိထားသည့် ကျောင်းသား ကျောင်းသူ ကိုးဦး စတင်အလုပ်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

# အမ်းမြို့၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် ပစ္စည်းများအသုံးပြုပုံ လက်တွေ့လုပ်ဆောင်သရုပ်ပြ

**အမ်း နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ (ODA) အစီအစဉ်ဖြင့် ပိုလန်သမ္မတနိုင်ငံမှ ဝယ်ယူသည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးယာဉ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြား၍ အမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေးနှင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့မှ အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးယာဉ် အသုံးပြုပုံနှင့် ကရိန်းအသုံးပြုပုံများ၊ ယာဉ်ပေါ်ပါ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၏ အသုံးပြုပုံများကို လက်တွေ့လုပ်ဆောင် သရုပ်ပြခြင်းကို အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည်။



ဆက်လက်၍ အဆိုပါ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးယာဉ်ထားရှိရန်အတွက် ကားဂိုဒေါင်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းသည့် အလှူရှင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား နှစ်ဦးအပါအဝင် အမျိုးသား ၆၈၉ ဦး၊ အမျိုးသမီး ၃၀၄ ဦးနှင့် ကလေး ၃၁ ဦး စုစုပေါင်း ၁၀၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**




# ငါန်းဇွန်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေး

**ငါန်းဇွန် နိုဝင်ဘာ ၃**

မြို့နယ်စီမံကိန်းရေးဆွဲရေးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေး နိုဝင်ဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထိုက်ဦးက မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေး တိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ရေးဆွဲခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသူများက ကျေးရွာအုပ်စုများ၏ ခေါင်းဆောင်များဖြစ်သည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို မျှမျှတတဆွေးနွေး ဆောင်ရွက်ကြရန်နှင့် ဦးစားပေး အစီအစဉ်များထားပြီး ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရွေးချယ်ဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် မှာကြားကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားပြီး အခြေခံအဆောက်အအုံကဏ္ဍ၊ လူမှုစီးပွားရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကဏ္ဍ၊ အခြားကဏ္ဍဟူသောခေါင်းစဉ်ငါးခုကို ကျေးရွာဖွံ့ဖြိုးရေးအတွက် မည်သည့်လုပ်ငန်းများ လိုအပ်သနည်း၊ ထိုဖွံ့ဖြိုးရေးလုပ်ငန်းများ မရှိသည့်အတွက် ကျေးရွာများတွင် မည်သို့သော အခက်အခဲများရှိနေသနည်း၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မည်သည်တို့ လိုအပ်သနည်း၊ ထိုဖွံ့ဖြိုးရေးလုပ်ငန်းများရှိလာပါက မိမိတို့၏ ကျေးရွာများတွင် မည်သို့သော အကျိုးကျေးဇူးများ ရရှိလာနိုင်မည်နည်းဟူသောမေးခွန်းလေးခုဖြင့် အုပ်စုဖွဲ့ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ မြို့နယ်နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စုလူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ စုစုပေါင်း ၁၉၀ ခန့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**




## ကေတုမတီ(တောင်ငူ) (၅၀၈)နှစ်ပြည့် ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၃** - တောင်ငူတွင် (၈၇)ကြိမ်မြောက် နှစ်ကိုပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနှင့် ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၈)နှစ်ပြည့်ပွဲတော်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၃၁ ရက်က တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားကို တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ပြီး အဖွင့်ပွဲစဉ်အဖြစ် One Two Fc အသင်းနှင့် တောင်ငူမြို့မအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် One Two Fc အသင်း၊ တောင်ငူမြို့မအသင်း၊ ထန်းတပင်အသင်း၊ ဒွါရာဝတီအသင်း၊ ရေတာရှည် Fcအသင်း၊ Golden Lion အသင်း၊ Strong Horse အသင်း၊ ကျွဲပွဲအသင်း၊ Youth Force အသင်း၊ ကေတုလူငယ်အသင်း၊ အိုအေစစ်အသင်း၊ ရွှေဝါးလူငယ်အသင်း စသည့် ဘောလုံးအသင်း ၁၂ သင်းက လေးအုပ်စုခွဲကာ သုံးသင်းပတ်လည် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နိုဝင်ဘာ ၃ ရက်က ယှဉ်ပြိုင်သည့် ကေတုလူငယ်နှင့် အိုအေစစ်တို့ပွဲတွင် ကေတုလူငယ်က ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် မင်းဘူး(စကု)၌ ဆန္ဒမဲပေးရွေးချယ်



**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်၍ မဲရုံများ စတင်ဖွင့်လှစ်ပေးရာ မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှုအခြေအနေကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မင်းဘူးမြို့အမှတ် ၃ နှင့် ၄ ရပ်ကွက်၊ စကုမြို့၌ အမှတ် ၁၊ ၂၊ ၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ အုပ်စုတို့တွင် မဲရုံပေါင်း ၉၆ ရုံ ဖွင့်လှစ်ထားရှိပြီး ကျင်းပလျက်ရှိသည်။

**ရွေးချယ်တင်မြှောက်သွားမည်**

မင်းဘူး(စကု) မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူ ၆၈၃၁၄ ဦးရှိကြောင်း သိရသည်။ ယနေ့ ပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲသည် မင်းဘူး(စကု)မြို့နယ်၌ လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်တင်မြှောက်သွားမည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ယင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦး၊ တစ်သီးပုဂ္ဂလမှ ကိုယ်စားလှယ်လောင်းနှစ်ဦးနှင့် အမျိုးသားညီညွတ်တိုးတက်ရေးပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၃**

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ မြားပစ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး Maj.(Rtd) Baharuddin Jamil၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အား/ကာ ဦးစီးဌာန၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ဒင်တို့က တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားပြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta က နှုတ်ခွန်းဆက်စကားပြောကြားကာ အာရှမြားပစ်အဖွဲ့ချုပ်

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

## မန္တလေးခရိုင်အတွင်း ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသား မဲဆန္ဒရှင်ပြည်သူများ မဲပေးရွေးချယ်

**မန္တလေး နိုဝင်ဘာ ၃**



မန္တလေးခရိုင်အတွင်း ယနေ့ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်မြေ (ရှမ်းတိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ရှမ်းတိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ သတ်မှတ်မဲရုံအသီးသီးတွင် လာရောက်မဲပေးရွေးချယ်ခဲ့ကြသည်။

အဆိုပါ မဲပေးရွေးချယ်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (ရှမ်းတိုင်းရင်းသားလူမျိုး) နေရာအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊

*စာမျက်နှာ ၆ ကော်လံ ၁* ❍

**MFF 100 Plus Cup**

**တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ စတင်**

စာ- ၁၂

..................

**မြဝတီမြို့၌ လူသတ်မှုဖြင့်အလိုရှိသည့် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ**

စာ- ၁၃

စင်ကာပူနိုင်ငံမှ
နှလုံးအထူးကုဆရာဝန်ကြီး
Dr. Kenneth Ng နှင့်
ဆီး၊ ကျောက်ကပ်နှင့် ဆီးကျိတ်ဆိုင်ရာ
ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Lewis Liew
တို့သည် နိုဝင်ဘာလ (၁၇) ရက်နေ့တွင်
ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ပါ၍
ဆက်သွယ်စုံစမ်းနိုင်ပါသည်။
MASCOTS
Medical & Laboratory Centre
Mascots Medical & Laboratory Centre
အမှတ် (၃၆)ဘီ၊ မနော်ဟာရီလမ်း၊ ဒဂုံမြို့နယ်။
Tel: 01 230 2565, 01 230 2566, 09 73166601
Helpline : 09 43099993

Auto
ELECTRICAL & ELECTRONIC PRODUCTS
Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)



ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှစောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျှင် ကွန်ပရက်ဆာအား အလိုအလျောက် မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်စေခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀ V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြအသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။
အမှတ်(၁) စက်မှုဝန်ကြီးဌာန လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီး
ရေအတွက်ဆို Auto ရှိတယ်၊
အာမခံ (တစ်နှစ်)
ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)
အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၇၈၁၃၄၆၊ ၀၁ ၂၅၀၉၃၃၊ ၀၁ ၈၃၉၂၉၂၂
ရဲထွန်းကို(နေပြည်တော်)
၀၉၄ ၂၀၇၄၅၉၅၇၊ ၀၉၄ ၂၀၇၁၅၀၇၅
web : autoproductmm.com ; autoelectronicproducts.com